မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ စက်တင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄၂) ၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ၊ ၁၅-၁၁-၂၀၂၆ ၊ တနင်္ဂနွေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ် ကြခတ်ပိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြစဉ်။

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ပူဇော်သည်။

စာမျက်နှာ ၃ သို့ ★

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများတိုးချဲ့ပြေးဆွဲမည်



နေပြည်တော် နိုဝင်ဘာ ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေစွာသွားလာနိုင်ရန်အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လည်းကောင်း၊ လေအိတ်ရထားတွဲဆိုင်းများဖြင့် လည်းကောင်း၊

စာမျက်နှာ ၄ သို့ ❖



လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

နေပြည်တော် နိုဝင်ဘာ ၁၄

အားကောင်းသောလေဖိအားနည်းရပ်ဝန်း အခြေအနေ

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၄ သို့ ✪

ယနေ့ ဖတ်စရာ

ဒေါ်နယ်ထရမ့်၊ ပလာဒီမာပူတင်နှင့် ရှီကျင့်ပျင်တို့ သုံးဦး အေပက်အရန်ဆွေးနွေးပွဲအဖြစ် တွေ့ဆုံရန် စီစဉ်နေသည်ဟု ဆို — စာမျက်နှာ ၈

အောက်တိုဘာလအတွက် ပရိုမိုးယားလိဂ် အကောင်းဆုံးနည်းပြဆုကို ဒီဇာဘီ ဆွတ်ခူး — စာမျက်နှာ ၁၁

အသိပညာတိုးခဲ့ရသည့် နေ့များဆိုသို့ အမှတ်ရခြင်း(ဆောင်းပါး) — စာမျက်နှာ ၁၄

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၁၄

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိုစိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနှစ်ပေမှ ကိုးပေခန့်ရှိနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/၈လ**

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့။

မြဝတီ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်ပှုများ ရရှိစေရေးဆောင်ရွက်လျက်ရှိ

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့်ပေါင်းစပ်လျက်(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိစေရေးအတွက် နေပြည်တော်တွင် ပြေးခုန်ပစ်၊ ပန်ကြပ်ဆီလတ်၊ မြားပစ်၊ လက်ဝှေ့၊ ခြင်းလုံး၊ ကျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်းနှင့် တိုက်ကွမ်ဒိုအားကစားနည်းများကိုလည်းကောင်း၊ ရန်ကုန်မြို့တွင် ဘိလိယက်နှင့် စနူကာ၊ ကရာတေး၊ သေနတ်ပစ်၊ တက်ကွန်ဘော၊ အလေးမ၊ ဝူရှူး၊ ကြက်တောင်၊ ခရစ်ကတ်၊ ကျွမ်းဘားဘော်လီဘော(ကျား)အသင်းနှင့် ဟော်ကီအားကစားနည်းများကိုလည်းကောင်း စခန်းဝင်၍ စနစ်တကျ စုဖွဲ့လေ့ကျင့်မှုများပြုလုပ်ကာ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိစေရေးအတွက်(နေပြည်တော်နှင့် ရန်ကုန်မြို့)တို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းကို နိုဝင်ဘာ ၁၃ရက် နံနက်မိုင်းတွင် ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ဝွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲဖြင့်ထွန်းက ၂၀၂၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိနိုင်ရေးအတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ စည်းလုံးညီညွတ်မှုနှင့် ကြွခိုင်မှုကိုပြသနိုင်သည့် အကောင်းဆုံးစွမ်းအားတစ်ခုဖြစ်၍ နိုင်ငံတော်၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး အတူတကွ လက်တွဲကြိုးပမ်းသွားရန် လိုအပ်ပါကြောင်းပြောကြားသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် Event အမျိုးအစားများ၊ အားကစားသမားအင်အားစာရင်းနှင့် ဆုတံဆိပ်ရရှိနိုင်မှုအခြေအနေများ၊ ဒိုင်ဂျူရီတာဝန်ထမ်းဆောင်မှုများ၊ နေထိုင်စားသောက်မှု၊ လေ့ကျင့်မှု၊ ပြိုင်ပွဲသုံး အားကစားပစ္စည်းများ ရရှိမှုအခြေအနေများ၊ နည်းပြများ ငှားရမ်းနိုင်ရေးကိစ္စရပ်များ၊ G to G အစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ Joint Training ပူးတွဲ သွားရောက်လေ့ကျင့်နိုင်ရေးကိစ္စရပ်များ၊ ပြည်တွင်း၊ ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရေးနှင့်သွားရောက် ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားကစားအဖွဲ့ချုပ်များအချင်းချင်း အတွေ့အကြုံကောင်းများ ဖလှယ်ခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်းနှင့် ညီညွတ်စွာလက်တွဲဆောင်ရွက်ခြင်းတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်ကာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိစေရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြုပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ကျောက်ဆည် နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသားလူငယ်များ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအကြောင်းများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ယနေ့မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြုပွဲနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အသိပညာပေးဟောပြောပွဲ၌ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သဘာဝပတ်ဝန်းကျင်မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်းသွားရေးနှင့် မုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင်ဆောင်ရွက်ရန် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင်လိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့် အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ အကြောင်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက သစ်ပင်သစ်တောများနှင့် သဘာဝပတ်ဝန်းကျင်ဆက်စပ်နေမှုများအကြောင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိရေး အလေးထားဆောင်ရွက်ရေး အကြောင်းများကို ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဧင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များကို လေ့လာဖတ်ရှုခဲ့ပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်ပြီး အသိပညာပေးလက်ကမ်းစာ စောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)

လူသုံးကုန်ပစ္စည်း(ဆပ်ပြာ)ပြုလုပ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

ပျော်ဘွယ် နိုဝင်ဘာ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလူသုံးကုန်ပစ္စည်း(ဆပ်ပြာ) ပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ ဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းမင်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ယခုသင်တန်းကို အခြေခံအဆင့်သာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များပြုလုပ်နိုင်ရန်အတွက် မိမိတို့ကိုယ်တိုင်လေ့လာ သင်ယူသွားရမည့် ပညာရပ်ဖြစ်ပါကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းမင်းနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင်ဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်ခြင်း၊ သင်တန်းဆင်းလက်မှတ်နှင့် ဆပ်ပြာပြုလုပ်နိုင်ရန် အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

o–o–o–o–o

သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးတိုင်း ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ပထူးမိုးလုံလေလုံအားကစားရုံ၌ ကျင်းပ

မန္တလေး နိုဝင်ဘာ၁၄

ဆရာအတတ်သင် ပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် (၁၁) ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဦးစီးမှူး ဦးနိုင်လင်းအောင်၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်း အင်အား ၃၀၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သီချင်းသီဆို၍ အလေးပြုခြင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ အားကစားသစ္စာအမိဌာန်(၄)ချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက အမှာစကား ပြောကြားကာ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားအသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး လူမှုရေးရာဝန်ကြီးနှင့် တက်ရောက်လာသူများ၊ တာဝန်ရှိသူများက မိတ္ထီလာပညာရေးဒီဂရီ ကောလိပ်နှင့်အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ဘောလုံး(အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး) နှင့်ပြေး၊ ခုန်၊ ပစ်(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲများကို (၁၀) ရက်ကြာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၉၃)



o–o–o–o–o

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြို့မကျောင်းဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

★ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ ပဲခူးမြို့ မြို့မကျောင်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဂန္ဓမာ၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်ကြသည့် သာသနာ့မဏ္ဍိုင် ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သိရိန္ဒ၊ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥေ ယဓမ္မာ ဘိဝံသတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒေါက်တာစိုးဝင်း၊ ဦးတင်ဦးလွင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် စည်သည်တော်များ၊ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရွှေမော်ဓောစေတီတော်မြတ်ကြီးမြောက်ဘက် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲ အထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ၿငိးနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်အောင်မြင်ခဲ့သည့် သာဟတ္ထိက မြောက်အောင် စီစဉ်ထားသည့် ပုံတော်နှင့် လှူဖွယ်ပစ္စည်းများအား မြို့မကျောင်းဆရာတော်ကြီးထံလည်းကောင်း၊ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက် ပြီးစီးအောင်မြင်ခဲ့သည့် အရှေ့ဘက်အာရုံခံတန်ဆောင်းပုံတော်နှင့် လှူဖွယ်ပစ္စည်းများအား ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ၿငိးနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ထားသည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူရန် ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်ပြီး ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက် လာကြသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များသည် သံဃာတော်အပါး ၉၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

သမိုင်းကြောင်း များအရ သုံးလောကထွတ်ထား ဗုဒ္ဓ ရှင်တော်မြတ် ဘုရားသည် ဓောင်းတူမြို့သား မဟာသာလနှင့် စူဠသာလ ကုန်သည်ညီနောင် တို့အား "ဆံတော်နှစ်ဆူ" ကို ပေးသနားတော်မူခဲ့ရာ ကုန်သည်ညီနောင်တို့က သုဒဿနတောင်တော်တွင် ဌာပနာ၍ ဉာဏ်တော် ၇၅ ပေရှိ ရွှေမော်ဓောစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၈၇၃ ခုနှစ် နှင့် ၂၀၂ ခုနှစ်တို့တွင် သမလမင်းက စေတီတော်၏ ဉာဏ်တော်ကို ၈၁ ပေအထိ လည်းကောင်း၊ ဝိမလမင်းက ဉာဏ်တော် ၈၈ ပေ အထိ လည်းကောင်း အသီးသီး တိုးမြှင့် တည်ထားပူဇော်ခဲ့ကြကြောင်း၊ သက္ကရာဇ် ၃၄၄ ခုနှစ်တွင်

စာမျက်နှာ ၄ သို့ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဧည့်ပရိသတ်များအား နေ့လယ်စာ ဖြင့် စတုဒိသာတည်ခင်း ကျွေးမွေးဧည့်ခံနေမှုအား ကြည့်ရှုရ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

★ စာမျက်နှာ ၃ မှ

အနုရာမမင်းက "သွားတော်မြတ်တစ်ဆူ" ကို စေတီတော်တွင် ထပ်မံဌာပနာခဲ့ပြီး သက္ကရာဇ် ၈၅၄ ခုနှစ်တွင် ဗညားရန်က ထီးတော်အသစ်ကို လှူဒါန်းပူဇော်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၂၇၄ ခုနှစ်၊ ၁၂၇၉ ခုနှစ်နှင့် ၁၂၉၂ ခုနှစ်တို့၌ ပဲခူးနယ် တစ်ဝိုက်၌ လူပ်ခတ်ခဲ့သည့်ငလျင်များကြောင့် စေတီတော်ကြီးသည် အောက်ခြေပထမပစ္စယ်အထိ အကြီးအကျယ်ပျက်စီးခဲ့ပြီး ၁၂၇၉ ခုနှစ် ငလျင်ကြောင့် မြေခဲသည့် ငှက်ပျောဖူးပုံတော်ကို စေတီတော်ကြီး၏အောက်ခြေ တနင်္ဂနွေထောင့်တွင် ယနေ့တိုင် ဖူးတွေ့နိုင်ကြောင်း။ ထို့နောက် နိုင်ငံတော်အဓိးရ အဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုတို့ ညီညွတ်စွာဖြင့် ဥာဏ်တော် ၃၇၃ ပေ ၉ လက်မရှိ စေတီတော်မြတ်ကြီးအား သက္ကရာဇ် ၁၃၁၅ ခုနှစ် နောင်းတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ထီးတော် အောင်မြင်စွာ တင်နိုင်ခဲ့ပြီး ခေတ်အဆက်ဆက်တွင် စေတီတော်မြတ်ကြီးကို အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့် စေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုစဉ် စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လုည့်လည်ဖူးမြော်ကြည်ညိုနိုင်ရေး ရင်ပြင်တော် အပြည့် နေပူခံစက္ကင်ကျောက်ပြားများ ခင်းကျင်းလှူဒါန်းနိုင်ရေး ဦးဆောင် လှူဒါန်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတကြီးနှင့် ဇနီး ဦးဆောင်၍ ရဟန်းရှင်လူပြည်သူများ၊ ခုနစ်ရက်သားသမီး အလှူရှင် ဘုရား ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်း မှုဖြင့် ရွှေမော်ဓောစေတီတော်မြတ်ကြီး အား ရွှေစင်ရွှေသားရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ရင်ပြင်တော်ပေါ်ရှိ အရှေ့ဘက်အာရုံခံတန်ဆောင်းတော်ကြီး ပြန်လည်မွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့ပြီ ဖြစ်သောကြောင့် ယနေ့တွင် ရေစက်ချ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနား ကို အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ တန်ဆောင်တိုင်ရုံးပိတ်ရက်မှ

ရိုးရိုး(AAR)တွဲဆိုင်းများဖြင့် လည်းကောင်း၊ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည် ဖြစ်ပါသည်-

စဉ်	နေ့ရက်	ရထားအမှတ်	ခရီးစဉ်		ထွက်/ရောက်ချိန်	
			မှ	ထိ	ထွက်ချိန်	ရောက်ချိန်
၁	၂၀.၁၁.၂၀၂၆	အဆန်အထူး(AAR)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၂	၂၁.၁၁.၂၀၂၆	အဆန်အထူး(DEMU)	ရန်ကုန်	နေပြည်တော်	၁၃:၀၀	၁၈:၀၀
၃	။	အစုန်အထူး(DEMU)	နေပြည်တော်	ရန်ကုန်	၀၇:၀၀	၁၂:၀၀
၄	။	အဆန်အထူး(လေအိတ်)	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၅	။	အစုန်အထူး(လေအိတ်)	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၆	။	အဆန်အထူး(လေအိတ်)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၇	။	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀
၈	၂၄.၁၁.၂၀၂၆	အဆန်အထူး(DEMU)	ရန်ကုန်	နေပြည်တော်	၁၃:၀၀	၁၈:၀၀
၉	။	အစုန်အထူး(DEMU)	နေပြည်တော်	ရန်ကုန်	၀၇:၀၀	၁၂:၀၀
၁၀	၂၄.၁၁.၂၀၂၆	အဆန်အထူး(လေအိတ်)	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၁၁	။	အစုန်အထူး(လေအိတ်)	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၁၂	။	အဆန်အထူး(လေအိတ်)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၁၃	။	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀
၁၄	၂၅.၁၁.၂၀၂၆	အဆန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၁၁)အဆန်/(၁၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၁)အဆန်/(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်/(၇၂)အစုန်လူစီးအမြန်ရထားနှင့် ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်းအတွင်း ပြေးဆွဲနေသော အမှတ်(၆၁)အဆန်/(၆၂)အစုန် လူစီးအမြန်ရထားတို့တွင် လူစီးတွဲများထပ်တိုး၍ ဝန်ခံချိန်ပြည့်ချိတ်ဆက် ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း၊ ရထားလက်မှတ်များကို Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System – ORTP)စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့



✪ လေဖိအားနည်းမှ

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၁၇ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိုပိစိုနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၄



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ အက်ဒွါဒို ဆန် လိုရန်ဇို အိုဘန် ဂျူနီယာ (Mr. Eduardo S.L. Oban Jr.) ၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ် အာဆီယံအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မနီလာမြို့ Marriott Hotel ၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အာဆီယံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ရာ အစည်းအဝေးတွင် သဘာပတိဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်က အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေး၌ နိုင်ငံအလိုက်အလှည့်ကျဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသတွင်း လုံခြုံရေးနယ်ပယ်ဆိုင်ရာ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများ၊ မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများအကြား ဖြစ်ပေါ်လာနိုင်သည့် ဒေသတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအပေါ် ကာကွယ်/ကုစားရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် နောင်ကျင်းပမည့် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် အာဆီယံနိုင်ငံများမှတက်ရောက်လာကြသည့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မနီလာမြို့ Marriott Hotel ၌ အိမ်ရှင် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၂ ရက်တွင် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဝရနွတ် ခုံမွမ့် (Mr. Woranut Khongmuang) နှင့် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ၊ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ အက်ဒွါဒို ဆန် လိုရန်ဇို အိုဘန် ဂျူနီယာ နှင့် လည်းကောင်းတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ သတင်းအချက်အလက် အပြန်အလှန် မျှဝေရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ အပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ အသက် ၁၈ နှစ်နှင့်အထက် အမျိုးသမီး ၄၀ လက်ခံစောင့်ရှောက်ထားရှိ



မန္တလေး နိုဝင်ဘာ ၁၄

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ အသက် ၁၈ နှစ်နှင့်အထက် အမျိုးသမီး ၄၀ လက်ခံစောင့်ရှောက်လျက်ရှိပြီး ၎င်းတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း၊ အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးပေးခြင်း၊ မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပေးခြင်းနှင့် ရပ်ရွာအတွင်း ဂုဏ်သိက္ခာရှိစွာ ပြန်လည်ရပ်တည်ပေးနိုင်ရေးတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ ယနေ့နံနက်ပိုင်းက အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သင်တန်းသူများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဆိုင်ရာဗဟုသုတများ စသည့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပညာရှင်များဖိတ်ခေါ်ကာ အသိပညာပေးဆောင်ရွက်ခြင်း၊ တစ်ဦးချင်း၏ အမူအကျင့်ကောင်းများရရှိစေရန် လေ့ကျင့်သင်ကြားပေးခြင်းတို့သာမက လိုက်နာကျင့်သုံးတတ်စေရန်လည်း ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စင်တာအနေဖြင့် လက်ခံစောင့်ရှောက်ထားသည့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ အဆင့်မြှင့်တင်ရေး၊ ခေတ်နှင့်လျော်ညီသည့် ဝင်ငွေရအသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရေး၊ သင်တန်းပြီးဆုံးသည်မှတစ်ဆင့် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရှာဖွေနိုင်ရေး၊ ကျွမ်းကျင်သင်တန်းသူများ မွေးထုတ်ရေးတို့ကို ပြည်ထောင်စုဝန်ကြီးက မှာကြားပြီး စင်တာရှိကျောင်းသူများ အတွက်ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ ကုန်ချောထုတ်လုပ်မှုလုပ်ငန်း၊ ဆံပင်ညှပ် / မိတ်ကပ်အလှပြင်သင်တန်းနှင့် ခရေရိပ်အလှပြင်ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)

ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၄

နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းအစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ နိုဝင်ဘာ ၉ ရက်မှ စတင်ထိုးနှံခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာများအလိုက် သတ်မှတ်ဆေးထိုးစုရပ်များတွင် ဆက်လက် ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် မြို့မရပ်ကွက်နှင့် သီရိမင်္ဂလာရပ်ကွက်တို့တွင် ထိုးနှံပေးခဲ့သည်။



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည့် အဆိုပါ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဆေးထိုးနှံဖူးသည်ဖြစ်စေ၊ မထိုးနှံရသေးသည်ဖြစ်စေ အသက်ကိုးလမှ ၅၉လ အရွယ်ကလေးများအားလုံး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာဆေးထိုးစုရပ်များတွင် ထိုးနှံပေးလျက်ရာ ယနေ့ နံနက်ပိုင်းက မြို့မရပ်ကွက်၊ ဆုတောင်းပြည့် မဟာစေတီကြီးဘုရားဓမ္မာရုံတွင် ကလေးငယ် ၁၅၅ ဦးကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် သီရိမင်္ဂလာရပ်ကွက်ဓမ္မာရုံ၌ ကလေးငယ် ၂၇၀ ဦး၊ စုစုပေါင်း ကလေးငယ် ၄၂၅ ဦးတို့အား ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ပေါင်ချိန်ခြင်း၊ ဗီတာမင်အေ ဆေးများ တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးထိုးနှံခြင်းလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထူးမြတ်တို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မြင့်နှင့် အဖွဲ့ဝင်များက ကလေးငယ်များအား ပေါင်ချိန်ခြင်း၊ ဗီတာမင်အေ ဆေးများတိုက်ကျွေးခြင်းတို့ကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကူညီဆောင်ရွက်ပေးကြပြီး စားသောက်ဖွယ်ရာများ ဝေငှပေးခဲ့ကြသည်။

အဆိုပါ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရပ်ကွက်၊ကျေးရွာအုပ်စု အသီးသီးရှိ ဆေးထိုးစုရပ်များ၌ သွားရောက်ထိုးနှံခဲ့ပြီး မိမိတို့ရပ်ကွက်၊ ကျေးရွာ ဆေးထိုးစုရပ်တွင် ဆေးထိုးရန် ပျက်ကွက်ခဲ့ပါက နီးစပ်ရာ ဆေးထိုးစုရပ်များသို့ သွားရောက်ထိုးနှံနိုင်ကြောင်းနှင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၆)

o-o-o-o-o-o

ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒအား အမှူးထား၍ အခြေခံပညာကျောင်းများသို့ ငွေကျပ်သိန်း ၂၇၀၀ ကျော် တန်ဖိုးရှိ ကျောင်းသုံးကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများအား လှူဒါန်းပေးအပ်ပွဲ အခမ်းအနား ဓမ္မဒူတပုဗ္ဗာရုံတောရ ဆေကိန္ဒာရာမကျောင်းတိုက်ဓမ္မာရုံတွင် ကျင်းပ







မန္တလေး နိဝင်ဘာ ၁၄

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် တည်ထောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒအား အမှူးထား၍ မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် လိုအပ်နေသည့် ကျောင်းသုံးကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာအုပ်စု၊ မြေပုံကျေးရွာရှိ ဓမ္မဒူတပုဗ္ဗာရုံတောရ ဆေကိန္ဒာရာမကျောင်းတိုက်ဓမ္မာရုံတွင် ကျင်းပရာ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် အရာရှိကြီးများ၊ အလှူရှင် မန်းရွှေလီမိသားစု၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့်တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် တိုင်းဒေသကြီးအတွင်းရှိ လိုအပ်နေသည့် အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံသို့ အလှူရှင်မိသားစုက လှူဒါန်းပေးအပ်ခဲ့သည်။

ဌင်းနောက် အလှူရှင်က လှူဒါန်းရခြင်းရည်ရွယ်ချက်များနှင့် ဝမ်းသာပီတိစကားများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးတို့က ကျေးဇူးတင်ဝမ်းမြောက်စကားများကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုတို့က အခြေခံပညာကျောင်းမှ ကျောင်းအုပ်များထံသို့ ကျောင်းသုံးကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများကို လှူဒါန်းပေးအပ်ခဲ့သည်။

ဌင်းနောက် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာ ရေစက်ချတရားနာယူကြည်ညိုကြပြီးနောက် ဗုဒ္ဓသာသနံ စီရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ ယနေ့လှူဒါန်းမှုတွင် ကျောင်းသုံးကွန်ပျူတာအလုံး(၅၀)၊ ပရင်တာအလုံး(၅၀)နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၇၈ သိန်းရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

MWEA Mandalay 10th Anniversary Event တွင် မုန့်တီသုပ်ပြိုင်ပွဲ ကျင်းပမည်

မန္တလေး နိဝင်ဘာ ၁၄

မန္တလေးမြို့တွင် ကျင်းပမည့် MWEA Mandalay 10th Anniversary Event ၌ အစားအသောက်ဝါသနာရှင်များ စိတ်ဝင်စားမည့် မုန့်တီသုပ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မုန့်တီသုပ်အမျိုးမျိုးကို အရသာ၊ အပြင်အဆင်နှင့် လက်ရာများအပေါ် အခြေခံ၍ ယှဉ်ပြိုင်တင်ဆက်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာတစ်မျိုးဖြစ်သည့် မုန့်တီသုပ်၏ အစားအသောက်လက်ရာများကို စိတ်ဝင်စားဖွယ် မြင်တွေ့ရမည်ဖြစ်သည်။

ထို့ပြင် မုန့်စားပြိုင်ပွဲ၊ ပန်းအလှဆင်ပန်းထိုးပြိုင်ပွဲများအပြင် အနုပညာရှင်များနှင့် အဆိုအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည်ဖြစ်သည်။

MWEA Mandalay 10th Anniversary Event ကို နိဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မင်္ဂလာမန္တလေး Promotion Area ၌ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့သူ၊ မြို့သားများ လာရောက်ကြည့်ရှုအားပေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

အခြေခံပညာကျောင်းများ၌ အသိပညာပေးဟောပြောပွဲ ပြုလုပ်

ဆင်ပေါင်ဝဲ နိဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ကျန်းမာကြံ့ခိုင်ကာ အသိပညာဗဟုသုတ ကြွယ်ဝစေရန်အတွက် ရည်ရွယ်၍ ယမန်နေ့နံနက်ပိုင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးစန္ဒာသွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံပညာကျောင်းများ၌ အသိပညာပေး ဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နေ့စဉ်လူနေမှုဘဝတွင် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်တတ်စေရန်အတွက် "အားလုံးအတွက် ကျန်းမာရေး သန့်(၅)သန့်" နှင့်အညီ နေထိုင်စားသောက်သွားကြရန် လမ်းညွှန်ဟောပြောခဲ့ကြသည်။

ဆက်လက်၍ လူငယ်လူရွယ်များအကြား မူးယစ်ဆေးဝါးနှင့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ၊ ရောဂါအန္တရာယ်များကို ရှင်းလင်း ဟောပြောခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

အောင်မြေသာစံမြို့နယ်၌ လွတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူလူထု တွေ့ဆုံပွဲ ကျင်းပ



မန္တလေး နိုဝင်ဘာ ၁၄

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက် ၄၂ ရှိ အမတမဂ္ဂမ္မေ သာလာမမ္မာရုံ၌ ယမန်နေ့နံနက် ၁၀ နာရီက လွတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူလူထု တွေ့ဆုံပွဲ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးကျော်ဆန်း၊ ပြင်ဦးလွင်မြို့နယ် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးမျိုးမြင့်၊ ခရိုင်ပါတီ အတွင်းရေးမှူး ဦးညီညီမင်း၊ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးလှိုင်ဝင်းထွန်းနှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမာန်ဝင့်စိုး၊ ရာအိမ်မှူးများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများအား မိတ်ဆက်ပေးခဲ့ကာ ပြင်ဦးလွင်မြို့နယ် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်ကလည်း မိတ်ဆက်စကားပြောကြားပြီး လွတ်တော်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရပ်ကွက်နေပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ ဦးကျော်ဆန်းက ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လွတ်တော်သို့ တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

(မန္တလေးနေ့စဉ်-၈)



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ရွာ၊ ဥယျာဉ်ပရိယတ္တိ စာသင်တိုက်ရှိ သံဃာတော် အရှင်သူမြတ်များအား ယမန်နေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါ စာသင်တိုက်ရှိ ခန်းမဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး(၄၀၀)တို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပက်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၃၈)

မန္တလေးတွင် စက်သုံးဆီဈေးနှုန်းများ ကျဆင်း၊ 92 ဓာတ်ဆီ တစ်လီတာ ၄၄၂၅ ကျပ်ရှိ



မန္တလေး နိုဝင်ဘာ ၁၄

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ယခုတစ်ပတ်အတွင်း သိသိသာသာကျဆင်းလာပြီး မန္တလေးမြို့တွင် 92 Ron ဓာတ်ဆီ တစ်လီတာ ၄၄၂၅ ကျပ်နှင့် ရိုးရိုးဒီဇယ်တစ်လီတာ ၄၅၃၀ ကျပ် အထိ ရှိလာကြောင်း စက်သုံးဆီရည်ညွှန်းဈေးနှုန်းများအရ သိရသည်။

နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ အကျုံးဝင်မည့် MOPS ဈေးနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ရည်ညွှန်းလက်လီဈေးနှုန်းများအရ မန္တလေးမြို့တွင် 92 Ron တစ်လီတာ ၄၄၂၅ ကျပ်၊ 95 Ron ၄၄၇၀ ကျပ်၊ ရိုးရိုးဒီဇယ် (HSD 500 ppm) ၄၅၃၀ ကျပ်နှင့် ပရီမီယံဒီဇယ် (HSD 50 ppm/10 ppm) ၅၄၇၀ ကျပ် ရှိသည်။

ယခုတစ်ပတ်အတွင်း ရန်ကုန်မြို့၏ ရည်ညွှန်းဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက 92 Ron တစ်လီတာလျှင် ၂၆၀ ကျပ်၊ 95 Ron ၂၃၅ ကျပ်၊ ရိုးရိုးဒီဇယ် ၁၇၅ ကျပ်နှင့် ပရီမီယံဒီဇယ် ၂၀၈ ကျပ် အသီးသီး ကျဆင်းခဲ့သည်။

အလားတူ နေပြည်တော်တွင် 92 Ron တစ်လီတာ ၄၃၇၅ ကျပ်၊ 95 Ron ၄၄၂၀ ကျပ်၊ ရိုးရိုးဒီဇယ် ၄၄၈၅ ကျပ်နှင့် ပရီမီယံဒီဇယ် ၅၄၂၀ ကျပ် ရှိကြောင်း သိရသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက စက်သုံးဆီရည်ညွှန်းဈေးနှုန်းများကို MOPS ဈေးနှုန်းအပေါ် အခြေခံတွက်ချက်ထုတ်ပြန်ပေးလျက်ရှိပြီး သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချခြင်းနှင့် ဈေးနှုန်းမမှန်ကန်မှုများရှိပါက ကော်မတီထံ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးထားသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း(မန္တလေးနေ့စဉ်)

ချောက်မြို့နယ်၌ အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ချောက် နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အယ်လ်နီညို ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အ.မ.က ရတနာအိုင့်ကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က အယ်လ်နီညို ဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်များနှင့် အပူဒဏ်ကြောင့် ကျန်းမာရေး ထိခိုက်မှုများမဖြစ်ပွားစေရန်လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ နေရောင်ခြည်ပြင်းထန်ချိန်တွင် နေပူထဲသွားလာမှုကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်းနှင့်အပူဒဏ်ကြောင့် ကျန်းမာရေးမထိခိုက်စေရန် ကြိုတင်ကာကွယ်ရေး နည်းလမ်းများလိုက်နာဆောင်ရွက်ရေးတို့အား အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ သူများအား အယ်လ်နီညိုကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်တို့ကို ပြသ၍ အယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်မိုး(ပြန်/ဆက်)



Future Stars-2 ကိုယ်ပိုင်အလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားပိုင်းကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပုဗ္ဗသီရိမြို့နယ် Future Stars-2 ကိုယ်ပိုင်အလယ်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားပိုင်းကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောနိုင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်စကားပိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာ ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေလေ့လာဖတ်ရှုကြစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတ တိုးပွားလာစေရန် ရရှိသည့် ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ရန် အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားပိုင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားပိုင်းဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်နှင့် Grade-6 ကျောင်းသူများက လူငယ်နှင့် နည်းပညာခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ် နှင့် ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြသည်။

ဆက်လက်၍ Future Stars-2 ကိုယ်ပိုင်အလယ်တန်းကျောင်းမှ Founder & Ch-airman ဆရာ ဦးဝင်းထက်စိုး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတရသစာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အောင်ပိုင်ဟိန်း

ယူအီးအက်ပ်အေနေးရှင်းလိပ် အုပ်စုအဆင့် အနိုင်၊ အရှုံး (NGB)

နော်ဝေ	၃	-	၁ ဝေးလ်
ဂျော်ဂျီယာ	၀	-	၂ ဟန်ဂေရီ

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

ဒေါ်နယ်လ်ထရမ့်၊ ပလာဒီမာပူတင်နှင့် ရှီကျင့်ဖျင်တို့သုံးဦး အေပက် အရန်ဆွေးနွေးပွဲအဖြစ် တွေ့ဆုံရန် စီစဉ်နေသည်ဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၁၄

ဒေါ်နယ်လ်ထရမ့်၊ ဗလာဒီမာပူတင်နှင့် ရှီကျင့်ဖျင်တို့သည် လာမည့်သီတင်းပတ်အတွင်း တရုတ်နိုင်ငံ၌ ကျင်းပမည့် အေပက်ထိပ်သီးအစည်းအဝေး၏ အရန်ဆွေးနွေးပွဲအဖြစ် တွေ့ဆုံရန် စီစဉ်နေကြောင်း သိရသည်။



အမေရိကန်၊ ရုရှားနှင့် တရုတ် ခေါင်းဆောင်တို့အကြား သမိုင်းဝင်တွေ့ဆုံမှုသည် သမ္မတထရမ့် တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန်းမြို့တွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အိုလီဗီယာ ဝေးလ်စ်က သတင်းထောက်များကို ပြောကြားသည်။

"သမ္မတအနေနဲ့ အခြားအကြောင်းအရာတွေအပြင် ကမ္ဘာပေါ်မှာ နျူကလီးယားလက်နက် လျော့ချရေးကိစ္စရပ်ကိုပါ ဆွေးနွေးသွားမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြောကြားထားပြီး နျူကလီးယားလက်နက် ပြန့်ပွားမှုဟာ အလွန်အန္တရာယ်များတယ်လို့ သမ္မတထရမ့်က ယုံကြည်ထားပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

လေကြောင်းထိန်းချုပ်ရေး ဆက်သွယ်ရေးစနစ် ချို့ယွင်းမှုအပြီး လေယာဉ်ထွက်ခွာခွင့် ပိတ်ပင်ထားမှု အမေရိကန်ပြန်လည်ရုပ်သိမ်း

ဝါရှင်တန် နိုဝင်ဘာ ၁၄

လေကြောင်းထိန်းချုပ်ရေး စင်တာများတွင် ဆက်သွယ်ရေး စနစ်ချို့ယွင်းမှုကြောင့် လေဆိပ်များ၌ ကသောင်းကနင်း ဖြစ်ပွားခဲ့ပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုနောက်ပိုင်း အရှည်ကြာဆုံး နိုင်ငံတစ်ဝန်း လေကြောင်းခရီးစဉ် ရပ်ဆိုင်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက် အမေရိကန် ပြည်ထောင်စု လေကြောင်းဦးစီးဌာနက နိုင်ငံတစ်ဝန်း လေယာဉ်ထွက်ခွာခွင့် ပိတ်ပင်ထားမှုကို နိဝင်ဘာ၁၃ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



ဖလိုက်ရေဒါ ၂၄ ၏ အချက်အလက်များအရ နိဝင်ဘာ၁၄တွင် လေကြောင်းခရီးစဉ်ပေါင်း ၄,၇၀၀ ကျော် ဖျက်သိမ်းခဲ့ရပြီး ၁၀,၀၀၀ ခန့် နောင့်နေးကြန့်ကြာခဲ့ကာ စနေ နေ့အတွက်လည်း နောက်ထပ် ခရီးစဉ် ၇၀၀ ကို ကြိုတင်ဖျက်သိမ်းထားပြီး ဖြစ်သည်။

လေးနှာရီကျော်ကြာ မြင့်ခဲ့သည့် နိုင်ငံတစ်ဝန်း လေယာဉ်ပျံသန်းမှု ရပ်ဆိုင်းခံရပြီးနောက် လေကြောင်းလိုင်းများအနေဖြင့် ၎င်းတို့၏ ပုံမှန်ခရီးစဉ် အချိန်ဇယားများအတိုင်း ပြန်လည်ပြေးဆွဲနိုင်ရန် ရက်ပေါင်းများစွာ အချိန်ယူရနိုင်သည်ဟု လေကြောင်းဆိုင်ရာ လေ့လာသုံးသပ်သူများက ပြောကြားခဲ့ကြောင်းသိရသည်။

Mon

နယူးအော်လင်းမြို့တွင် ဆိုက်ကပ်ထားသော အပျော်စီးသင်္ဘောကို ရေနုတင်သင်္ဘောက ဝင်တိုက်မိ၊ ဘေးတဘောင်း တိမ်းစောင်းသွား

ဝါရှင်တန် နိုဝင်ဘာ ၁၄

နယူးအော်လင်းမြို့တွင် ဆိုက်ကပ်ထားသော အပျော်စီး သင်္ဘောတစ်စီးကို ရေနုတင်သင်္ဘောတစ်စီးက မတော်တဆ ဝင်တိုက်မိခဲ့ပြီးနောက် သင်္ဘောပေါ်ပါ လူ ၁၃၀ ခန့်ကို ယမန်နေ့က ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။



အမေရိကန် ဟယ်ရီတေ့ခ်ျ အမည်ရှိ အဆိုပါ အပျော်စီး သင်္ဘောသည် ရေနုတင်သင်္ဘော အတွယ်တိတ် အက်စ်ဖော့၏ ဝင်တိုက်ခြင်းကို ခံရပြီးနောက် မစ္စစ္စပီမြစ်အတွင်း ဘေးတဘောင်း လဲလျောင်းတိမ်းစောင်းသွားခဲ့သည်။

အဆိုပါ တိုက်မိမှုကြောင့် ထိခိုက်ဖျက်စီးသွားသော မြစ်တွင်း သွား အပျော်စီးသင်္ဘောပေါ်မှ လူ ၃၂ ဦးမှာ စိုးရိမ်စရာမရှိသော ဒဏ်ရာများဖြင့်ဆေးရုံတက်ရောက် ကုသမှုခံယူနေရသော်လည်း ပျောက်ဆုံးနေသူ တစ်ဦးမျှမရှိဘဲ တာဝန်ရှိသူများက ယင်းဖြစ်ရပ်ကို **"မစ္စစ္စပီမြစ်ပေါ်မှ အံ့ဖွယ်ဖြစ်ရပ်"** ဟု ချီးကျူးပြောဆိုခဲ့ကြသည်။

တိုက်မိရသည့် အကြောင်းရင်းအတိအကျကို ဆက်လက်စုစမ်းစစ်ဆေးနေဆဲဖြစ်သော်လည်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့မှ ကပ္ပတိန် မယ်လနီ ဘန်ဟမ်က **"ပဲ့ထိန်းစနစ် တစ်စုံတစ်ရာ ချို့ယွင်းပျက်စီးသွားပုံ ပေါ်ပါတယ်"** ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Mon

၁၄ နှစ်အောက် အင်ဒိုနီးရှားဂျူနီယာ ပရီးမီးယားလိဂ် ပွဲစဉ်၌ တစ်ဖက်ဂိုးသမားနှင့် တိုက်မိပြီး ဆေးရုံတင်ခဲ့ရကာ ဘဝနှစ်ခုလုံး ပြိုကျခဲ့သည့် ဖခင်



ဂျကာတာ နိုဝင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ၊ ဆလေမန်မြို့တွင် ကျင်းပသည့် ဘောလုံးပြိုင်ပွဲတစ်ခုအတွင်း အသည်းယားဖွယ် ဖြစ်ရပ်တစ်ခု ကြုံတွေ့ခဲ့ရသည်။ ယိုစိမ့်မှု ဒဏ်ရာရရှိခဲ့သည့် အသက် ၁၄ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးသည် ဆေးရုံ၌ ၁၁ ရက်ကြာ ကုသမှုခံယူပြီးနောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဆလေမန် တီမူးလ် ဘောလုံးအကယ်ဒမီ၏ ရှေ့တန်းတိုက်စစ်မှူး ယာဒနဲ အက်ခ်ဆာနီတက်ခ်ဝါသည် အောက်တိုဘာ ၃၁ ရက်နေ့က ယောဂျာကာတာပြည်နယ်၊ ဆလေမန်ခရိုင်ရှိမာဂူဝိုဟာဂျိ ဘောလုံးကွင်း၌ ကီပက်ရာယာဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် အသက် ၁၄ နှစ်အောက် ဂျူနီယာ ပရီးမီးယားလိဂ်ပွဲစဉ် အတွင်း ပြိုင်ဘက်ဂိုးသမားနှင့် တိုက်မိပြီး ဆေးရုံတင်ခဲ့ရကာ နိုဝင်ဘာ ၁၁ ရက်နေ့တွင် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ဆလေမန် တီမူးလ်အသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယာဒနဲ့သည် ဘောလုံးကို လိုက်လံရယူရန် ဂိုးပေါက်ဆီသို့ ပြေးဝင်လာစဉ် ပြိုင်ဘက်ဂိုးသမားကကြားဖြတ်ဟန့်တားရန် ရှေ့သို့ ပြေးထွက်လာခဲ့ရာ ဂိုးသမား၏ ဒူးခေါင်းဖြင့် ကလေးငယ်၏ ဝမ်းဗိုက်အပေါ်ပိုင်းကို ပြင်းထန်စွာတိုက်မိသဖြင့် မြေပြင်ပေါ်သို့ လဲကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

တူရကီသမ္မတ အာဒိုဂန်နှင့် ကာတာစော်ဘွားတွေ့ ဆုံဆွေးနွေး အပြန်အလှန် ကာကွယ်ရေးစာချုပ် လက်မှတ်ရေးထိုး

အန်ကာရာ နိုဝင်ဘာ ၁၄

တူရကီနှင့် ကာတာနှစ်နိုင်ငံသည် ယမန်နေ့က အစ္စတန်ဘူလ်မြို့တွင် တူရကီသမ္မတ တေယစ်ပ် အာဒိဂန်နှင့် ကာတာ စော်ဘွားရှိတ်ခ်တာမင် ဘင်ဟာမက် အယ်လ်သာနီတို့ တွေ့ဆုံဆွေးနွေးပြီးနောက် အပြန်အလှန် ကာကွယ်ရေး သဘောတူစာချုပ် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

"ပင်လယ်ကွေ့ဒေသအတွင်း စစ်ပွဲများ တစ်ကျော့ပြန် ဖြစ်ပွားလာမှုကို တားဆီးရန်၊ တွေ့ဆုံဆွေးနွေးရေးအတွက် အခြေခံအုတ်မြစ်ချမှတ်ရန်နှင့် ငြိမ်းချမ်းရေး ရရှိရန်တို့အတွက် ကျွန်ုပ်တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ အာဒိဂန် က ပြောကြားခဲ့သည်" ဟု တူရကီသမ္မတရုံးက အိတ်စ်လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ သဘောတူညီချက်သည် **"တူရကီနှင့် ကာတာနှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ် တစ်ရပ် ထပ်မံပေါင်းထည့်ပေးလိမ့်မည်"** ဟု အာဒိဂန်၏ ရုံးက ပြောကြားခဲ့ပြီး ကာတာစော်ဘွား ကလည်း ယင်းသဘောတူညီချက်ကို **"မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး"** အဖြစ်ချီးကျူးပြောဆိုခဲ့ကြောင်းသိရသည်။

Mon



ပီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ စာတင်ွေ့အရောင်းဆိုင် ပေါက်ကွဲ လူနေအိမ်အများအပြား ပြိုကျပျက်စီးခဲ့ပြီး လူနှစ်ဦးသေဆုံး

ဟနွိုင်း နိုဝင်ဘာ ၁၄

နိုဝင်ဘာ၁၃ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ စာတင်ွေ့ အရောင်းဆိုင်တစ်ဆိုင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူနေအိမ်အများအပြား ပြိုကျပျက်စီးခဲ့ပြီး လူနှစ်ဦး သေဆုံးကာ အခြားလူ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြို့တောင်ပိုင်း တန်ထွမ်ရပ်ကွက်၊ ဘွိုင်ဗန်ဘာလမ်းပေါ်ရှိ အဆိုပါဆိုင်သည် နံနက် ၁၀ နာရီခွဲခန့်တွင် ပေါက်ကွဲပြိုကျခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုအရှိန်ကြောင့် နေအိမ်နှစ်လုံး ပြိုကျခဲ့သည့်အပြင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ အာဒိုဂန် က ပြောကြားခဲ့သည်" ဟု တူရကီသမ္မတရုံးက အိတ်စ်လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ သဘောတူညီချက်သည် **"တူရကီနှင့် ကာတာနှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ် တစ်ရပ် ထပ်မံပေါင်းထည့်ပေးလိမ့်မည်"** ဟု အာဒိဂန်၏ ရုံးက ပြောကြားခဲ့ပြီး ကာတာစော်ဘွား ကလည်း ယင်းသဘောတူညီချက်ကို **"မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး"** အဖြစ်ချီးကျူးပြောဆိုခဲ့ကြောင်းသိရသည်။

Mon



အမြဲ့မြဲ့ အနယ်နယ်မှ မှုခင်းသတင်းများ

သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ပျော်ဘွယ် နိုဝင်ဘာ ၁၄

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်သိရှိနားလည်ထားစေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်း (ကြက်တည်)၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သိထားသင့်သည့် သဘာဝဘေးအန္တရာယ် အမျိုးအစားများ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်များနှင့် အရေးပေါ်အခြေအနေတွင် မိမိကိုယ်တိုင်နှင့် အခြားသူများ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်မည့်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

အောင်ပိုင်ဟိန်း



ရန်-မန်းအမြန်လမ်းတွင် ယာဉ်မောင်းအိပ်ငိုက်၍ ကုန်တင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

မန္တလေး နိုဝင်ဘာ ၁၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၃၈/၇)ဖာလုံနှင့် (၃၃၉/၀)ဖာလုံကြားတွင် နိုဝင်ဘာ ၁၃ ရက် နံနက် ၂ နာရီခွဲက ကုန်တင်ယာဉ်တစ်စီး မတော်တဆမှုဖြစ်ပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး----- ဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦး----- ဆိုသူ လိုက်ပါလာသော FAW အမျိုးအစား အဖြူရောင်ကုန်တင်ယာဉ်သည် ငါးဖော့ပုံးများ တင်ဆောင်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်း(အသွားလမ်း)အတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် ယာဉ်မောင်းအိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ စလစ်ဖြစ်ကာ တိမ်းမှောက်ခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် လမ်းမှတ်တိုင်(၁)ခုနှင့် လမ်းလယ်တွင် ကာရံထားသည့် အကာအရံများ၊ ငါးဖော့ပုံးများ ပျက်စီးခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာသူများ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၅၇)





လယ်ဝေးမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နိုဝင်ဘာ ၉ ရက် ညနေ ၆ နာရီခွဲက လယ်ဝေးမြို့နယ်၊ ကြာကန်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရာဖွေစဉ် ဇော်ပိုင်(ခ)ကိုပိုင်ဆိုသူ မောင်းနှင်ပြီး သူရဇော်(ခ)နစ်ကြီးဆိုသူ လိုက်ပါလာသည့် TOYOTA HILUX SURF အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် သို့ဝှက်သယ်ဆောင်လာသော ဘိန်းစိမ်း အလေးချိန် ၈၇ ဒသမ ၁ ကီလို့နှင့် လက်ကိုင်ဖုန်းသုံးလုံး တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ပိုင်(ခ)ကိုပိုင်(၂၁)နှစ် နှင့် သူရဇော်(ခ)နစ်ကြီး(၃၂)နှစ် ဆိုသူတို့အား သာဝတ္ထိနယ်မြေ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

--*-*-*

ပျော်ဘွယ်မြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

ပျော်ဘွယ် နိုဝင်ဘာ ၁၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲက ပျော်ဘွယ်မြို့နယ်၊ ကျောက်ချပ်ကျေးရွာနေ ကျော်လွင်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၉၄၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်လွင်(၆၄)နှစ်ဆိုသူအား ရွှေညောင်ဖူးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



မီးဘေးကြိုတင်ကာကွယ်စစ်ဆေးခြင်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၏ ဦးဆောင်မှုဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဒိုင်းမွန်းပလာဇာ၊ ရတနာပုံဈေး၊ Yadanar Mall နှင့် Ocean Super Market နေရာများ၌ မီးဘေးကြိုတင်ကာကွယ်စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါနေရာများ၌ မီးဘေးကြိုတင်ကာကွယ်စစ်ဆေးခြင်းကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်မီးသတ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦး၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် ဒိုင်းမွန်းပလာဇာ၊ ရတနာပုံဈေး၊ Yadanar Mall နှင့် Ocean Super Market များ၏ ရုံတွင်း၊ ရုံပြင်နေရာများတွင် မီးလန့်မှုများ မဖြစ်ပေါ်စေရန် မီးဘေးလုံခြုံရေး ထားရှိမှုများ စစ်ဆေးခြင်း၊ မြေအောက်မီးသတ်ရေကန်နှင့် ရေတိုက်များ ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ မီးသတ်ပိုက်များ စစ်ဆေးခြင်း၊ မီးသတ်မော်တော်ယာဉ်များ ဝင်၊ ထွက်သွားလာနိုင်ရေး စသည်တို့ကို ကြည့်ရှု စစ်ဆေးခဲ့ပြီး ဈေးရောင်း၊ ဈေးဝယ် မိဘပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၀)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

လားရှိုးမြို့တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီက လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အင်ကြင်းလမ်းတွင် ကျော်လင်း(ခ)ကဒီမွတ်လာဆိုသူ မောင်းနှင်ပြီး စောလင်းထက်(ခ)ကိုထက်ဆိုသူ လိုက်ပါလာသည့် TOYOTA ALPHARD အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် စောလင်းထက်(ခ)ကိုထက်ဆိုသူမှာ ထွက်ပြေးသွားပြီး ကျော်လင်း(ခ)ကဒီမွတ်လာဆိုသူနှင့်အတူ မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၂၉၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်လင်း(ခ)ကဒီမွတ်လာ(၄၈)နှစ်နှင့် စောလင်းထက်(ခ)ကိုထက်ဆိုသူတို့အား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

Jung Ho Yeon နှင့် နှစ်ပေါင်းများစွာ ခင်မင်ခဲ့သူအဖြစ် V ပေါ်လာ

ကမ္ဘာကျော် Squid Game မင်းသမီး ဂျောင်ဟိုယွမ်နှင့် နှစ်ပေါင်းများစွာ ခင်မင်ခဲ့သူ ဗွီကို 2026 FIFA World Cup ပွဲ အပြီးတွင် မြင်တွေ့ခဲ့ရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ဖီဖာဘောလုံးပွဲ အပြီး ဂျောင်ဟိုယွမ်၏ပုံကို BTS အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်းက လူမှုကွန်ရက်တွင် ပြန်လည်မျှဝေပြီး Tag တွဲခဲ့သည်။

ဂျောင်ဟိုယွမ်နှင့် ဗွီတို့ ခင်မင်မှုမှာ နှစ်ပေါင်းများစွာ ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ခဲ့ကြသော်လည်း ပရိသတ်ရှေ့ ချပြခြင်းမရှိခဲ့ကြပေ။ မိတ်ဆွေစစ်ဆိုသည်ကို အချိန်ကြာမြင့်သည့် တိုင် ထိန်းထားခဲ့ပြီး အားပေးရမည့်အချိန်တွင် တိတ်တဆိတ် အားပေးမှုရှိခဲ့ကြောင်း သက်သေပြသထား၍ ပရိသတ်စိတ်ဝင်စားနေကြသည်။

(SKY)

--*-*-*

--*-*-*-*-*

The X Factor မှ Simon Cowell က ပိုင်ဆိုင်မှုများ တိရစ္ဆာန်ဂေဟာသို့ လှူဒါန်း

နာမည်ကြီး ရုပ်သံအစီအစဉ် The X Factor နှင့် Britain's Got Talent တို့၏ အကဲဖြတ်ဒိုင်ဆိုင်မွန်ကောဝဲလ်က ၎င်းကွယ်လွန်ချိန်တွင် သူ၏ ပိုင်ဆိုင်မှုများကို တိရစ္ဆာန်ဂေဟာသို့ လှူဒါန်းရန် သေတမ်းစာတွင် ထည့်သွင်းထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုင်မွန်ကောဝဲလ်က အသက် ၆၀ နှစ် အရွယ်တွင် ပထမဆုံး သေတမ်းစာကို ရေးသားခဲ့ပြီး သူ၏ တန်ဖိုးထားသည့်အရာများကို အနာဂတ်အတွက် စီစဉ်ထားသည်။ ပေါင်စတာလင် သန်း ၂၀ ကို ခွေးများ စောင့်ရှောက်ရေးဂေဟာ Dogs Trust နှင့် Battersea & Cats Home အပါအဝင် တိရစ္ဆာန်အကျိုးပြုအဖွဲ့အစည်းများထံ လှူဒါန်းထားသည်။



တိရစ္ဆာန်ထောင်ပေါင်းများစွာ၏ ဘဝကို ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုနိုင်သည့် အရာမျိုးကို ချန်ထားရစ်ခဲ့သည်။ စည်းစိမ်ဥစ္စာထက် ကိုယ်ယုံကြည်ရာ အကျိုးပြုနိုင်သည့် အမွေအနှစ်ကို ထားရစ်ခဲ့သည့် စိတ်ဓာတ်အတွက် ပရိသတ်က ချီးကျူးနေကြသည်။

(SKY)

--*-*-*-*-*

Jung Kook က ကလေးဆေးရုံသို့ ဝမ် တစ်ဘီလီယံ လှူဒါန်း

BTS အဖွဲ့ဝင် Jung Kook သည် ဆိုးလ်အမျိုးသားတက္ကသိုလ် ကလေးဆေးရုံသို့ ဝမ်တစ်ဘီလီယံ လှူဒါန်းမှုပြုလုပ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ လှူဒါန်းမှုကို ဆေးရုံ၏ ဘက်စုံပြုစုစောင့်ရှောက်ရေးစင်တာ ပရောဂျက်အတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ဝင်ငွေနည်းပါးသော မိသားစုကလေးလူနာများ၏ ဆေးကုသစရိတ် အဓိကထောက်ပံ့ပေးရန်အတွက် ဖြစ်ကြောင်း အသိပေးခဲ့သည်။



Jung Kook ၏ လှူဒါန်းမှုမှာ ၂၀၂၆ ခုနှစ်အတွက် ဒုတိယအကြိမ် လှူဒါန်းမှုဖြစ်ပြီး ၂၀၂၃ ခုနှစ်ကလည်း ဆေးကုသစရိတ်အဖြစ် ဝမ် တစ်ဘီလီယံ လှူဒါန်းထားမှုမှာ ပထမအကြိမ် ဖြစ်သည်။

BTS အဖွဲ့တွင် Main Vocalist သာမက သီချင်းအားလုံးအတွက် Vocal Guides ပါ ပြုလုပ်ပေးသူ အဆိုတော်၊ တေးရေး Jung Kook ကို အဖွဲ့ဝင်များက ချစ်ခင်ကြပြီး ကပ်စေးနဲ့သူအဖြစ် သိကြသော်လည်း Jung Kook ၏ လှူဒါန်းမှုကြောင့် ပရိသတ်များ အံ့အားတသင့် ဂုဏ်ယူမဆုံး ဖြစ်ခဲ့ကြရသည်။

(SKY)

--*-*-*-*-*



လူ့ကိုယ်ခံအားဆဲလ်များ လုပ်ဆောင်ချက်ပြောင်းလဲရန် ဆီးချိုဆေးတစ်မျိုးက စွမ်းဆောင်ပေးနိုင်သည်ဟု ဆို

ဆီးချိုရောဂါ ကုသရာတွင် အသုံးပြုနေပြီးဖြစ်သော ဆေးဝါးတစ်မျိုးသည် သွေးကြောအတွင်းရှိ ကိုယ်ခံအားဆဲလ်များ၏ ပြုမူပုံကို ပြောင်းလဲပေးခြင်းဖြင့် နှလုံးကျန်းမာရေးကို ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရသည်။

လူအနည်းငယ်ဖြင့် စမ်းသပ်ကုသခဲ့သည့် လက်တွေ့သုတေသနပြုချက်တစ်ခုတွင် အဆိုပါဆေးသည် နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများနှင့် ဆက်စပ်နေသော ရောင်ရမ်းမှုဖြစ်စေသည့် ဆဲလ်စုဝေးမှုများကို လျှော့ချပေးနိုင်ကြောင်း သုတေသီများက တွေ့ရှိခဲ့ကြပြီး ဆေးသောက်သုံးပြီး နှစ်ပတ်အကြာတွင်ပင် သိသာထင်ရှားသည့် ရလဒ်များ စတင်တွေ့ရှိခဲ့ရသည်။

အမေရိကန် နှလုံးအဖွဲ့ချုပ်၏ စာကူလေးရှင်းဂျာနယ်တွင် ဖော်ပြခဲ့သည့် ထိုတွေ့ရှိချက်များအရ ဆိုဒီယမ်ဂလူးကို့စ်ဆေးဝါးများသည် လူ၏ခန္ဓာကိုယ်အတွင်းရှိ သီးခြားကိုယ်ခံအားဆဲလ်များကို ပြောင်းလဲပေးနိုင်ကြောင်း ပထမဆုံး တိုက်ရိုက်သက်သေပြနိုင်ခဲ့ခြင်း ဖြစ်သည်။

(SCI)

Zhang Linghe က Pursuit of Jade နှင့် အောင်မြင်မှုရရှိ

တရုတ်အနုပညာရှင်မင်းသားချော ကျန်လင်ဟီသည် ၂၀၂၆ ခုနှစ်အတွက် Pursuit of Jade နှင့် အောင်မြင်မှုရရှိခဲ့ပြီး ပရိသတ်ကြား ရေပန်းစားနေကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာလောကတွင် အနုပညာရှင်များ အောင်မြင်မှုကို တိုင်းတာရာ၌ တစ်ဦးချင်းစီအပေါ် ဆွေးနွေးမှုများပြားနှုန်းလည်း ပါဝင်ခဲ့ရာ ကျန်လင်ဟီကို Pursuit of Jade နှင့် ပတ်သက်၍ အာရုံစိုက်ဆွေးနွေးမှုများပြားခဲ့ပြီး ၂၀၂၆ ခုနှစ် တရုတ်ဒရာမာပရိသတ်များ၏ အာရုံစိုက်မှုများစွာ ရရှိခဲ့သည်။

အဆိုပါ ဇာတ်ကားနှင့် ကျန်လင်ဟီ၏ သရုပ်ဆောင်မှုစွမ်းရည်မှာ ပရိသတ်ကြား အွန်လိုင်းပေါ်တွင် အာရုံစိုက်မှုများပြားလာခဲ့ပြီး ဆွေးနွေးမှုများစွာ ပြုလုပ်ခံရသဖြင့် အောင်မြင်သော မင်းသားစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။



တရုတ်ထိပ်တန်းအနုပညာရှင်စာရင်းတွင် ရှောင်းကျန့်၊ ဝမ်ရိဘို၊ ကျန်လင်ဟီ၊ ယောင်ယောင်၊ လီရှင်း၊ ဂျက်စင်ဝေါင်နှင့် ဂူလိန်တို့ ပါဝင်ထားကြသည်။

(SKY)

--*-*-*-*-*

Wang Yibo ၏ Seek Guardian 2 တွင် ကျားသစ်နယ်မြေပုံရိပ်များ မြင်တွေ့ရမည်

တရုတ်အနုပညာရှင် ဝမ်ရိဘို၏ အများပြည်သူအကျိုးပြုမှတ်တမ်းရုပ်ရှင် Seek Guardian 2 တွင် ကျားသစ်များ၏ နယ်မြေကို မြင်တွေ့ရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တရုတ်နိုင်ငံမြောက်ပိုင်းတွင် သာ တွေ့ရသည့် ကျားသစ်မျိုး စိတ်ခွဲတစ်မျိုးဖြစ်ပြီး နိုင်ငံတော် အဆင့်ပထမတန်းစား ကာကွယ်စောင့်ရှောက်ရမည့် တောရိုင်း တိရစ္ဆာန်လည်း ဖြစ်သည်။

ယခုတစ်ကြိမ်တွင် ဝမ်ရိဘို ပါဝင်သည့်အဖွဲ့က အများပြည်သူ အကျိုးပြုမှတ်တမ်းရုပ်ရှင် အစီအစဉ် Seek Guardian 2 တွင် ပါဝင်ခဲ့ပြီး ချင်းဟိုင်ပြည်နယ်၊ ယူဂူးဒေသသို့ သွားရောက်၍ ကျားသစ်များ၏ပုံရိပ်နှင့် သူတို့နေထိုင်ရာ သဘာဝအိမ်ဂေဟာကို မှတ်တမ်းတင်ရိုက်ကူးထားသည်။

ဝမ်ရိဘိုသည် နယ်ပယ်တိုင်းတွင် သမိုင်းမှတ်တိုင်စိုက်ထူခဲ့သည့် ဘက်စုံထူးချန်သူဖြစ်ပြီး ရုပ်ရှင်၊ ဂီတ၊ အက၊ တောင်တက်စွန့်စားခန်းနှင့် မှတ်တမ်းရိုက်ကူးရေး(Documentary)၊ ဖက်ရှင်နှင့် အင်တာတိန်းမင့်၊ မဂ္ဂဇင်းများအပေါ်တွင် လွှမ်းမိုးမှုရှိခဲ့ပြီး ကုမ္ပဏီလေးခု၏ ပိုင်ရှင်တစ်ဦးလည်း ဖြစ်သည်။

(SKY)

နိုင်ငံတကာ အားကစား သတင်းများ

2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၂၃ ရက်တွင် စတင်မည်



လန်ဒန် နိုဝင်ဘာ ၁၄

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 IEB+ Argentina Open တင်း နစ်ပြိုင်ပွဲ လာမည့် နိုဝင်ဘာ ၂၃ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ၃၀ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဟန်ဂေရီတင်းနစ်မယ် Panna Udvardy ဖြစ်သည်။

(အပေါ်ဝဲပုံ)(NGB)

နည်းပြ ဧကာလိုနီ အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် နိုဝင်ဘာ ၁၄

အာဂျင်တီးနားလက်ရွေးစင်အသင်းသည် အသင်းနည်းပြ စကာလိုနီကို ၂၀၃၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နည်းပြသည် အာဂျင်တီးနားလက်ရွေးစင်အသင်းကို ၂၀၁၈ ခုနှစ် ဩဂုတ် ၃ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၀၇ ပွဲတွင် ၇၉ ပွဲနိုင်၊ ၁၈ ပွဲသရေ၊ ၁၀ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သလို၊ အသင်းကို ၂၀၂၂ ကမ္ဘာ့ဖလား၊ ကိုပါအမေရိကဖလား နှစ်ကြိမ်တို့ကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အသက်(၄၈)နှစ်အရွယ်ရှိ စကာလိုနီက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ နောက်ထပ် အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ' ဟု ပြောသည်။

(အောက်ပုံ)(NGB)



လူးဝစ်ဒီယက်ဇ် ဒဏ်ရာမှသက်သာလာသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

မြူးနစ် နိုဝင်ဘာ ၁၄

ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ် ကြွက်သားဒဏ်ရာမှ သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။



အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် အောက်တိုဘာ ၂၂ ရက်က ဘိုင်ယန်မြူးနစ်အသင်းနှင့် အာဆင်နယ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီး ယခုအချိန်မှ ပြန်လည်သက်သာလာခြင်းဖြစ်သည်။

တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ် ဒဏ်ရာမှ သက်သာလာခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ လူးဝစ်ဒီယက်ဇ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ ပွဲ ကစားပြီး ၅ ဂိုး သွင်းယူထားသည်။

(ဝဲပုံ)(NGB)

ပရက်စတီယန်နိုကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စိတ်ဝင်စား

ပါရီ နိုဝင်ဘာ ၁၄

ပီအက်စ်ဂျီအသင်းသည် ဘင်ဖီကာအသင်း တောင်ပံကစားသမား ပရက်စတီယန်နိုကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘင်ဖီကာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၆ မှ ၂၀၂၆-၂၀၃၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ပွဲကစား ပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ **(အောက်ယာပုံ)**

ဘင်ဖီကာအသင်းကလည်း ပရက်စတီယန်နိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည် မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်းတွင် ဘင်ဖီကာအသင်းထံမှ ပရက်စတီယန်နိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



ယူအီးအက်ဖ်အေနေးရှင်းလိဂ်(အုပ်စုအဆင့်ပွဲစဉ်ပထမပွဲ) နိဂုံးကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	
၁၅-၁၁-၂၀၂၆ ညဥ့်ပိုင်း ၁၂နာရီ	ဆိုက်ဟုက်စ်	မွန်ဟီနိုလို့
၁၅-၁၁-၂၀၂၆ ညဥ့်ပိုင်း ၁၂နာရီ	ဘီလာရုစ်	အယ်လ်ဘေးနီးယား
〃	ဝဲလ်ဒ်	အန်မာနိုး
၁၆-၁၁-၂၀၂၆ နံနက် ၀၂း၃၅ နာရီ	ဘယ်လိုံယ်	အီတလီ
〃	ပြင်သစ်	ထူကီ
〃	ဘိုဆေးရား	ချက်

အောက်တိုဘာလအတွက် ပရိုးမီးယားလိဂ်အကောင်းဆုံး နည်းပြဆုကို ဒီဇာဘီ ဆွတ်ခူး



လန်ဒန် နိုဝင်ဘာ ၁၄

ပရိုးမီးယားလိဂ်မှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို စပါးအသင်းနှင်းပြဒီဇာဘီက ထိုကိုထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါနည်းပြသည် အောက်တိုဘာလအတွင်း စပါးအသင်းကို လေးပွဲကိုင်တွယ်ရာ သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရှုံးပွဲ မရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခု ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ ဒီဇာဘီသည် စပါးအသင်းကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၉ ပွဲတွင် ၇ ပွဲနိုင်၊ ၅ ပွဲသရေ၊ ၇ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၇)နှစ်အရွယ်ရှိ ဒီဇာဘီက 'ယခုလို အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ အပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(NGB)

နည်းပြ သောမတ်စ်ဖရန့်ခ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ခရစ္စတယ်ပဲလေ့စ်အသင်း ဆွေးနွေး

လန်ဒန် နိုဝင်ဘာ ၁၄

ခရစ္စတယ်ပဲလေ့စ်အသင်း သည် အသင်းနည်းပြသစ်အဖြစ် နည်းပြ သောမတ်စ်ဖရန့်ခ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။



အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြ သောမတ်စ်ဖရန့်ခ်သည် နည်းပြဘဝတစ်လျှောက်တွင် စပါး၊ ဘရန်ဖို့ဒ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ သောမတ်စ်ဖရန့်ခ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိသည်။

ထို့ကြောင့် နည်းပြသောမတ်စ်ဖရန့်ခ်ကို ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)(NGB)

မာလိုဂတ်စတို ချဲလ်ဆီးအသင်းမှ ထွက်ခွာဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၄

ချဲလ်ဆီးအသင်း နောက်ခံကစားသမား မာလိုဂတ်စတို အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ယာဝဲပုံ)**

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် မန်ယူအသင်းနှင့် မန်စီးတီးအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား မာလိုဂတ်စတိုသည် ချဲလ်ဆီးအသင်းနှင့် အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၄ ပွဲကစားပြီး ၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းနှင့် မန်စီးတီး အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ထို့ကြောင့် မာလိုဂတ်စတို အနေဖြင့် ချဲလ်ဆီးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ပြောင်းရွှေ့သွားမည်ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



ဂျာမနီအသင်းက ဆားဘီးယားအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

မြူးနစ် နိုဝင်ဘာ ၁၄

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဂျာမနီအသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဆားဘီးယားအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ယာဝဲပုံ)**

ဂျာမနီ အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃ မိနစ်တွင် ဘာဘစ်(OG)၊ ပွဲချိန် ၁၄မိနစ်တွင် ဖလော်ရီယန်ဝက်ဇ်၊ ပွဲချိန် ၅၀မိနစ်တွင် ဂူဒါတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် ယူအီးအက်ဖ်အေနေးရှင်း လိဂ်ပွဲစဉ် အဖြစ် လာမည့် နိုဝင်ဘာ ၁၇ ရက်တွင် နယ်သာလန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**



စစ်ကိုင်းပညာရေးတက္ကသိုလ်၌ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

စစ်ကိုင်း နိဝင်ဘာ ၁၄

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၃၄)နှစ်ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာအေးသက်သင်္ဝင်းက စာတမ်းဖတ်ပွဲ အခမ်းအနားဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာတမ်းရှင်များ၏ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့သည်။



ထို့နောက် ပါမောက္ခချုပ်ဒေါက်တာအေးသက်သင်္ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အင်ဒိုနီးရှားနိုင်ငံ Gadiah Mada တက္ကသိုလ်မှ ပါမောက္ခ Dr. Rini Rachmawati နှင့် ဂျာမနီနိုင်ငံ Cologe တက္ကသိုလ်မှ ပါမောက္ခ Dr.Frauke Kraas တို့က Oline မှတစ်ဆင့် အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ တက္ကသိုလ်အသီးသီးမှဆရာ၊ ဆရာမများ တက်ရောက်ခဲ့ပြီး စာတမ်း ၁၆၄ စောင်ကို သုံးရက်ကြာဆွေးနွေးဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

နေလင်းအောင်(ပြန်/ဆက်)



မိတ္တီလာခရိုင်နှင့် မြို့နယ်ရှေ့ပြေးဥပဒေရုံးများ (Pilot Law Offices)အား ကြည့်ရှုစစ်ဆေး

မန္တလေး နိဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးလှယိန်းသည် နိဝင်ဘာ ၁၃ ရက်နံနက်ပိုင်းက စံပြရှေ့ပြေးဥပဒေရုံးများ(Pilot Law Offices)ဖြစ်သော မိတ္တီလာခရိုင်ဥပဒေရုံးနှင့် မိတ္တီလာမြို့နယ် ဥပဒေရုံးများသို့ သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ သိရသည်။

အဆိုပါ ရှေ့ပြေးဥပဒေရုံးများသည် အရေးကြီးသောပြစ်မှုများတွင် တရားခံအပေါ် ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်စီရင်နိုင်ရေးအတွက် အဓိကသက်သေ(သို့မဟုတ်) နစ်နာသူများနှင့် သက်သေခံအထောက်အထားများ တင်ပြရမည့်သူများကို တရားရုံး ရှေ့အမှုစစ်ဆေးရာတွင် ပကတိအခြေအနေမှန်ကို ထွက်ဆိုတင်ပြနိုင်ရန်အတွက် တရားခွင်အကြို တွေ့ဆုံမေးမြန်းခြင်း (Pre-Trial Interview, PTI)များကို ဆောင်ရွက်ပေးလျက်ရှိရာ ထိုလုပ်ငန်းစဉ်သည် တရားစီရင်ရေးကို များစွာအထောက်အကူဖြစ်စေသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်သည် ခရိုင်/မြို့နယ်ဥပဒေအရာရှိများနှင့် တွေ့ဆုံကာ ရှေ့ပြေးဥပဒေရုံးများ၏ ရုံးဥပဓိကောင်းမွန်ရေးနှင့် ဝန်ထမ်းများ၏ အရည်အသွေး၊ အစွမ်းအစ တိုးတက်မြင့်မားရေးတို့ကို ဦးစားပေးဆောင်ရွက်သွားကြရန်၊ နိုင်ငံသားတိုင်း ဥပဒေ၏ အကာအကွယ်ကို အညီအမျှရရှိစေရန်အတွက် ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့ပြင် ရှေ့ပြေးဥပဒေရုံးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ သီးစုံယိုထိုးနည်းသင်တန်း (၂/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး နိဝင်ဘာ ၁၄

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)၌ သီးစုံယိုထိုးနည်းသင်တန်းကို လေးရက်တာ ဖွင့်လှစ်ပို့ချခဲ့ရာ ယမန်နေ့က သီးစုံယိုထိုးနည်း သင်တန်း(၂/၂၀၂၆)ဆင်းပွဲကို နံနက်၉ နာရီခွဲက အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး)မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးနိုင် ဦးဆောင်၍ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးနိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်းနှင့် အလုပ်သမား မှတ်ပုံတင်ကတ်များ ပြုလုပ်ပေးခဲ့သည်။ ထို့နောက် သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းကို စက်မှုနှစ်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မုန့်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၀ ဦး အပါအဝင် စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၇၅)



အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကြက်သွန်နီအထွက် လျော့ကျနိုင်

မုံရွာ နိဝင်ဘာ ၁၄

အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် မုံရွာမြို့နယ်အတွင်း နုတ်သိမ်းခါနီး ကြက်သွန်နီများနှင့် စိုက်ပျိုးခင်းများ ထိခိုက်မှုရှိခဲ့ပြီး ယခုစိုက်ပျိုးရာသီတွင် ကြက်သွန်နီအထွက် လျော့ကျနိုင်ကြောင်း ဒေသခံကြက်သွန်နီစိုက်တောင်သူများထံမှ သိရသည်။

အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပျိုးထောင်ပြီးစပျိုးပင်များ၊ ရင့်မှည့်၍ နုတ်သိမ်းခါနီး ကြက်သွန်နီများနှင့် စိုက်ပျိုးခဲ့ပြီးစ ကြက်သွန်ခင်းများ ထိခိုက်ခဲ့ပြီး စိုက်ခင်း ၅၀ ရာခိုင်နှုန်းခန့် ထိခိုက်မှုရှိခဲ့ကြောင်း မုံရွာမြို့နယ်မှ ကြက်သွန်နီစိုက်တောင်သူ ဦးအောင်ထူးက ပြောသည်။

ယျက်စီးသွားသည့် ကြက်သွန်နီများကို အစားထိုးစိုက်ပျိုးရန် မဖြစ်နိုင်သော်လည်း အစားထိုးစိုက်ပျိုးနိုင်သည့် အချိန်နှင့် အခြေအနေရှိနေသေးသဖြင့် လာမည့် ကြက်သွန်နီ အထွက်ပမာဏမှာ တိုးလာနိုင်သည့် အခြေအနေရှိကြောင်း ၄င်းက ပြောသည်။

လက်ရှိကာလတွင် မိုးကြက်သွန်နီအသစ်များ စတင်ထွက်ပေါ်နေပြီဖြစ်သော်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် နုတ်သိမ်းရန် အခက်အခဲရှိနေသည်။ ထို့ပြင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လောင်စာဆီကဲ့သို့ စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် စိုက်ပျိုးသူဦးရေ နည်းပါးလာသည့် အပြင်ရာသီဥတုအခြေအနေကြောင့် အထွက်နှုန်းပါလျော့ကျနိုင်ကြောင်း တောင်သူများထံမှ သိရသည်။



မုံရွာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီက ကြက်သွန်နီ ၇,၈၆၀ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၆-၂၀၂၇ ခုနှစ် စိုက်ပျိုးရာသီတွင် ၇,၃၅၀ ဧက စိုက်ပျိုးရန်လျာထားကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နိဝင်ဘာ ၁၃ ရက်တွင် ရန်ကုန်မြို့၊ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် မြင်းခြံ ကြက်သွန်နီတစ်ပိဿာလျှင် အမျိုးအစားအလိုက် အမြင့်ဆုံးငွေကျပ် ၂၀, ၀၀၀ မှ အနိမ့်ဆုံးငွေကျပ် ၁၄, ၅၀၀၊ ဆိပ်ဖြူကြက်သွန်နီမှာ အမြင့်ဆုံးငွေကျပ် ၁၉,၀၀၀ မှ အနိမ့်ဆုံးငွေကျပ် ၁၃,၀၀၀ နှင့် မုံရွာကြက်သွန်နီမှာ အမြင့်ဆုံးငွေကျပ် ၁၉,၀၀၀ မှ အနိမ့်ဆုံး ငွေကျပ် ၁၃,၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မြို့နယ်သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေး နိဝင်ဘာ ၁၄

မန္တလေး၊ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြို့နယ်အတွင်း အမှိုက်များ ကင်းဝေးပြီး မြို့အင်္ဂါရုပ်များနှင့်အညီ သာယာလှပစေရေးအတွက် ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မန္တလေးပညာရေးဒီဂရီကောလိပ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးထက်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များနှင့် စည်ပင်ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြသည်။**(အောက်ပုံ)**

သန့်ရှင်းရေးဆောင်ရွက်ရာတွင် မန္တလေးပညာရေးဒီဂရီကောလိပ်အတွင်းရှိ ချိုနွယ်ပေါင်းပင်များနှင့် ပလပ်စတစ်အမှိုက်များ ရှင်းလင်းခြင်း၊မလိုအပ်သောသစ်ပင်သစ်ကိုင်းများ ရှင်းလင်းခုတ်ထွင်ခြင်း၊ ခြင်၊ ယင်၊ ပိုးမွှားများ ကင်းဝေးစေပြီး ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ရေမြောင်းများ ဆယ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)



ဗဟိုဘဏ်က လက်ရှိဘဏ္ဍာနှစ် ခုနှစ်လနီးပါးကာလအတွင်း ဒေါ်လာသန်း ၄၀၀၀ ကျော်၊ ယွမ်သန်း ၂၀၀၀ ခန့်နှင့် ဘတ်သန်း ၇၀၀၀ ကျော် ရောင်းချထား



နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဇပြေလမှ နိုဝင်ဘာ ၁၃ ရက်အထိ ခုနှစ်လနီးပါးကာလအတွင်း နိုင်ငံခြား ငွေကြေးစျေးကွက် တည်ငြိမ်စေရန်နှင့် အရေးကြီးကုန်စည်များ တင်သွင်းနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကျော်၊ တရုတ်ယွမ် သန်း ၂၀၀၀ ခန့်နှင့် ထိုင်းဘတ် သန်း ၇၀၀၀ ကျော် ရောင်းချပေးထားသည်။

ထို့ပြင် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပကုန်ပစ္စည်းပေးသွင်းသူများထံ ငွေပေးချေမှု ပိုမိုလွယ်ကူမြန်ဆန်စေရန်နှင့် နိုင်ငံခြားငွေကြေးစျေးကွက် တည်ငြိမ်စေရန်ရည်ရွယ်၍ ကုန်ပစ္စည်းဝိုးကြိတင်ငွေပေးချေခြင်းကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးကြေညာထားသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် FX Market Online Trading Platform နှင့် နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရဘဏ်များမှ တစ်ဆင့် အရေးကြီးကုန်စည်များဖြစ်သည့် စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းနိုင်ရေးအတွက် လိုအပ်သော နိုင်ငံခြားငွေများကို သွင်းကုန်လုပ်ငန်းရှင်များထံ ရောင်းချပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် ဇပြေလမှ နိုဝင်ဘာ ၁၃ ရက်အထိ FX Market Online Trading Platformနှင့် (AD) လိုင်စင်ရ ဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂,၃၂၆ ဒသမ ၄ သန်း၊ တရုတ်ယွမ် ၁,၉၄၄ ဒသမ ၃ သန်း၊ ထိုင်းဘတ် ၇,၁၁၄ ဒသမ ၄ သန်းနှင့် အိန္ဒိယရူပီး ၈၇ ဒသမ ၈ သန်း ရောင်းချပေးခဲ့ကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းအပြင် ဗဟိုဘဏ်အနေဖြင့် စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁,၇၆၄ ဒသမ ၈ သန်းခန့်ကိုလည်း ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေမှ ကိုယ်တိုင်သုံးစွဲနိုင်သည့် နိုင်ငံခြားငွေ ပမာဏကို နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ကာလကို ယခင် ရက်ပေါင်း ၃၀ မှ ၄၅ ရက်အထိ တိုးမြှင့်ခွင့်ပြုလိုက်သည်။

ယခုကဲ့သို့ ကုန်ပစ္စည်းဝိုးကြိတင်ငွေပေးချေခွင့်ပြုခြင်းသည် သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သည့် နိုင်ငံခြားငွေကို အချိန်မီရရှိစေရန်၊ ပြည်ပကုန်ပစ္စည်းပေးသွင်းသူများထံ ငွေပေးချေမှုနောက်ကျခြင်းကို လျှော့ချရန်နှင့် နိုင်ငံခြားငွေကို အမှန်တကယ်လိုအပ်သည့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ဦးစားပေးခွဲဝေပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့ပြင် ပို့ကုန်ရငွေ ကိုယ်တိုင်သုံးစွဲခွင့်ကာလကို ရက်ပေါင်း ၄၅ ရက်အထိ တိုးမြှင့်ပေးခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းနှင့် ပြည်ပသို့ ငွေပေးချေခြင်းများ ဆောင်ရွက်ရာတွင် လုံလောက်သည့်အချိန်ရရှိစေရန်၊ ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းများ အကြား နိုင်ငံခြားငွေ လည်ပတ်သုံးစွဲမှု ပိုမိုအဆင်ပြေစေရန်နှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



ဘဏ္ဍာနှစ် ခုနှစ်လတာကာလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၁ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၈၈ သန်း ရရှိထား

နိုဝင်ဘာ ၁၄

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ပထမခုနှစ်လတာကာလဖြစ်သည့် ဇပြေလမှ အောက်တိုဘာလအထိ ပြည်ပသို့ စုစုပေါင်း ဆန်တန်ချိန် ၁,၁၀၅,၇၈၁ တန် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈၈ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်(MRF)၏ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။

ဘဏ္ဍာနှစ်အစ ဇပြေလမှစတင်၍ လအလိုက် ပြည်ပသို့ ဆန်တင်ပို့နိုင်မှုနှင့် ဝင်ငွေရရှိမှုများမှာ ဇပြေလတွင် တန်ချိန် ၁၆၉,၅၂၉ တန် (အမေရိကန် ဒေါ်လာ ၅၁ သန်း)၊ မေလတွင် တန်ချိန် ၁၃၆,၂၆၂ တန် (အမေရိကန်ဒေါ်လာ ၄၃ သန်း)၊ ဇွန်လတွင် တန်ချိန် ၂၂၃,၇၁၄တန် (အမေရိကန် ဒေါ်လာ ၇၅ သန်း)၊ ဇူလိုင်လတွင် တန်ချိန်၁၇၀,၁၉၅ တန် (အမေရိကန် ဒေါ်လာ ၆၄ သန်း)၊ဩဂုတ်လတွင် တန်ချိန် ၁၄၈,၅၄၈ တန် (အမေရိကန်ဒေါ်လာ ၅၀ သန်း)၊ စက်တင်ဘာလတွင် တန်ချိန် ၁၂၃,၃၈၅တန်(အမေရိကန်ဒေါ်လာ ၄၇သန်း)နှင့် အောက်တိုဘာလတွင် တန်ချိန် ၁၃၄,၁၁၉ တန် (အမေရိကန် ဒေါ်လာ ၄၉ သန်း) အသီးသီး တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။အဆိုပါ ခုနှစ်လတာကာလ အတွင်း ဇွန်လသည် တန်ချိန် နှစ်သိန်းကျော်ဖြင့် အများဆုံး တင်ပို့နိုင်ခဲ့သည့်လ ဖြစ်ကြောင်း သိရသည်။

ယခု နောက်ဆုံးထုတ်ပြန်ထားသည့် ၂၀၂၆ ခုနှစ် အောက်တိုဘာလ တစ်လတာအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုတွင် ပို့ကုန်ကုမ္ပဏီ ၄၅ ခုမှ ဆန်တန်ချိန် စုစုပေါင်း ၁၃၄,၁၁၉ တန် တင်ပို့နိုင်ခဲ့သည်။ တင်ပို့ခဲ့သည့် ဆန်အမျိုးအစားများအလိုက် ပါဝင်မှုအချိုးအစားများမှာ ပေါဆန်းနှင့် ဆန်ကွဲပါဝင်မှု ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း ပါဝင်သော ဆန်အမျိုးအစား၊ A-Grade ပေါလစ်ဆန်များ ပါဝင်သည့် အရည်အသွေးမြင့် ဆန်ဖြူ (High Quality White Rice) ၅၈,၃၃၈ တန် (၄၃ ရာခိုင်နှုန်း)၊ B Grade (၁၀၀ ရာခိုင်နှုန်း) ကျိုးဆန် ၄၇,၉၄၆ တန် (၃၆ ရာခိုင်နှုန်း)၊ ၂၅ ရာခိုင်နှုန်း ကျိုးဆန် ၂၅,၀၁၂ တန် (၁၉ ရာခိုင်နှုန်း)နှင့် ပေါင်းဆန် (Parboiled Rice) ၂,၈၂၃ တန် (၂ ရာခိုင်နှုန်း)တို့ ဖြစ်ကြသည်။

အောက်တိုဘာလအတွင်း မြန်မာ့ဆန်ကို အများဆုံးဝယ်ယူတင်သွင်းခဲ့သည့် ထိပ်တန်းနိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် ဖိလစ်ပိုင်နိုင်ငံက တန်ချိန် ၆၃,၄၂၇ တန်ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၇,၂၅၀ တန်၊ တရုတ်နိုင်ငံက ၂၆,၉၆၉ တန်၊ ပိုလန်နိုင်ငံက ၄,၃၇၅ တန်၊ စပိန်နိုင်ငံက ၃,၃၀၁ တန်၊ ချက်သမ္မတနိုင်ငံက ၂,၈၈၁ တန်၊ နယ်သာလန်နိုင်ငံက ၁,၆၃၀ တန်၊ ယူနိုက်တက်ကင်းဒမ်း (UK) က ၁,၂၅၀ တန်၊ ပါပူဝါနယူးဂီနီနိုင်ငံက ၇၅၀ တန်နှင့် ခရိုအေးရှားနိုင်ငံက ၆၂၅ တန် အသီးသီး ဝယ်ယူခဲ့ကြောင်း သိရသည်။ ထို့ပြင် အခြားနိုင်ငံပေါင်း ၁၃ နိုင်ငံသို့လည်း ဆန်တန်ချိန် ၁,၆၆၂ တန် တင်ပို့နိုင်ခဲ့ကြောင်း MRF ၏ စာရင်းဇယားများအရ သိရသည်။

ရွှေမန်း



မန္တလေးတိုင်းဒေသကြီးအတွင်း လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအတွက် ပညာပေးမွမ်းမံသင်တန်း ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၏ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

သင်တန်းတွင် အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြတ်ထွန်းက အခွန်တံဆိပ်ခေါင်းဆိုင်ရာ သိသင့်၊သိထိုက်သည့် အသိပညာများ၊ လုပ်ငန်းဆိုင်ရာ သိရှိလိုက်နာရမည့် အချက်များကိုဟောပြောခဲ့သည်။

သင်တန်းကျင်းပရခြင်းမှာ ခန့်ထားပြီးဖြစ်သော လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်နှင့် တံဆိပ်ခေါင်းဝယ်ယူကြသည့် ပြည်သူများအား ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။



အဆိုပါသင်တန်းသို့ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်တို့မှ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများနှင့် အခွန်ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းသို့ အခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာမြို့နယ်များမှ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူ စုစုပေါင်း ၄၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

မန္တလေးတိုင်းအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိသာ လက်လီဈေးနှုန်းများထုတ်ပြန်

မန္တလေး နိုဝင်ဘာ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသို့လှော်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ စားအုန်းဆီ တစ်ပိသာလျှင် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၇၄၂၀ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီရောင်းချမည့် ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ် မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ်နှစ်ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်၊ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိသာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ငွေကျပ် ၈၇၅၀၊ မိတ္ထီလာမြို့ ငွေကျပ် ၈၅၆၅၊ ရမည်းသင်းမြို့ ငွေကျပ် ၈၅၄၀ ၊ကျောက်ဆည်မြို့ ငွေကျပ် ၈၇၀၀၊ ပြင်ဦးလွင်မြို့ ငွေကျပ် ၈၈၀၀၊ မြင်းခြံမြို့ ငွေကျပ် ၈၈၂၅၊ ညောင်ဦးမြို့အတွက် ငွေကျပ် ၈၇၃၅ ဖြစ်ကြောင်း သိရသည်။

(ယာဝုံ)

(မန္တလေးနေ့စဉ်-၅)

o-o-o-o-o-o

အသိပညာတိုးခဲ့ရသည့် နေ့များဆီသို့ အမှတ်ရခြင်း

ထိုနေ့ နံနက်ပိုင်းက ဖြစ်သည်။ ကျွန်တော်တို့သည် မန္တလေးမြို့မှ ရန်ကုန်မြို့ဆီသို့ မီးရထားနှင့် ခရီးသွားနေကြခြင်းဖြစ်သည်။ တစ်ခရီးတည်း လိုက်ပါလာခဲ့ကြသည့် စာပေမောင်နှမ တစ်တွေလည်း မီးရထားကြီးပေါ်တွင် စကားလက်ဆုံကျနေ၏။ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေလေသည်။ ယခုလို မဆုံတွေ့ကြရတာ ကြာနေလို့လား၊ မပြောတတ်။ ခရီးစဉ်၏တစ်လျှောက်လုံး အတိုးချဲ့၍ စကားတွေပြောလာကြခြင်းဖြစ်သည်။

ဤခရီးစဉ်တွင် မန္တလေးမြို့ရှိ (၇)မြို့နယ်မှ စာရေးဆရာ၊ စာရေးဆရာမများအပြင် အခြားသောနယ်မှ စာရေးဆရာများ၊ စာရေးဆရာမများလည်း လိုက်ပါလာကြခြင်းဖြစ်သည်။ ကျွန်တော်တို့အားလုံး သွားရောက်မည့်အကြောင်းမှာ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် စာပေဦလာခံသို့ တက်ရောက်ရန် သွားရောက်ကြခြင်းဖြစ်သည်။ ကျွန်တော်တို့ စီးနင်းလိုက်ပါခဲ့သည့် မြန်မာ့မီးရထားကြီးသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ကြီးဆီသို့ ဆိုက်ရောက်သွားခဲ့လေပြီ။ ဤခရီးစဉ်တွင် လိုက်ပါလာခဲ့ကြသော စာရေးဆရာ၊ စာရေးဆရာမအားလုံးသည်လည်း မိမိတို့အစီအစဉ်ဖြင့် လမ်းခွဲကာသွားကြ၏။ မိမိတို့တည်းခိုမည့် ဧည့်ရိပ်သာဆီသို့ ဦးတည်ကာ သွားရောက်နေကြခြင်းဖြစ်သည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ကျွန်တော်တို့အားလုံးသည် ဗိုလ်တစ်ထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ခန်းမတွင် တာဝန်ရှိသူများထံသို့ သတင်းပို့ကြရ၏။ ထို့အပြင် လိုအပ်သည့် စာရွက်စာတမ်းများနှင့် ရင်ထိုးတံဆိပ်များကို ထုတ်ယူလာခဲ့ကြ၏။ စာပေဦလာခံအကြို ညီနှိုင်းအစည်းအဝေးကိုတော့ မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဟု ဆိုသည်။

ထိုနေ့ကတော့ ကျွန်တော့်အတွက် အမှတ်တရဖြစ်စေခဲ့သည်။ ရက်စွဲအတိအကျပြောရလျှင် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်း အချိန်ကာလဖြစ်သည်။ အစည်းအဝေးကျင်းပမည့်နေရာလေး၌ မြန်မာနိုင်ငံမှ စာရေးဆရာ၊ စာရေးဆရာမများလည်း စုပြုံရောက်ရှိနေကြခြင်းဖြစ်သည်။ အချိန်ကလည်း ပိုနေသောကြောင့် ကျွန်တော်တို့တစ်တွေသည် အနီးအနားရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးတွင် ဝင်ထိုင်လိုက်ကြ၏။

အဆိုပါ လက်ဖက်ရည်ဆိုင်လေးသည် စာရေးဆရာများအတွက်တော့ ဟန်ကျပေ၏။ စကားပြောလို့ကောင်းသည့် နေရာလေးဟု ဆိုချင်သည်။ တစ်နည်းဆိုရလျှင် စာရေးဆရာများအတွက် 'လေထန်ကုန်း' ဟု တင်စားချင်တော့သည်။

ကျွန်တော်တို့ထိုင်နေသော လက်ဖက်ရည်ဆိုင်ထဲတွင် နယ်မှ စာရေးဆရာများလည်း ပါဝင်လာကြ၏။ တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့ကြ၏ ဆွေမျိုး 'စပ်' ကြ၏။ အထူးသဖြင့် 'မြိတ်' မြို့နယ်မှ စာရေးဆရာ(ဦး)စိုးရီ(မြိတ်)ကလည်း ခင်မင်စရာကောင်း၏။ သဘောသကာရကလည်း ကောင်း၏။ ကျွန်တော်တို့ စကားဝိုင်းထဲတွင် အသက်အကြီးဆုံးစာရေးဆရာကြီးဟု ဆိုလျှင် မမှားပေ။ အသက်အရွယ်မှာ ၈၅ နှစ်ဖြစ်၏။ အသက်ကြီးသော်လည်း ထက်မြက်၏။ သွက်လက်၏။ စကားအသံက အနည်းငယ်ဝဲ၏။ ကျွန်တော်တို့အတွက်တော့ အသံဝဲဝဲလေးနှင့် ပြောဆိုနေသည်ကို နားထောင်၍ကောင်းနေပေသည်။

ဤသက်တော်ရှည် စာရေးဆရာကြီးသည် ရွှေးဆန်၏။ နှန်းဆန်၏။ စာပေဝမ်းစာလည်း ပြည့်နှက်နေသူဖြစ်၏။ သူက ပြောနေသည်မှာ အချို့သောစာတွေက စာဟန်နဲ့ရေးသားကြကြောင်း၊ အချို့သောစာတွေက စကားဟန်နဲ့ ရေးသားကြကြောင်း၊ သူကိုယ်တိုင်ကတော့ စာပေဟန်ပါသည့် စာကိုသာ ရေးလေ့ရှိကြောင်း ပြောပြသည်။

တစ်စပ်တည်းမှာပင် အဆိုပါစာရေးဆရာကြီးက စာဖတ်သူတွေအများစု နားမလည်သည့်အရေးအသားများ၊ နိမိတ်ပုံတွေပါသည့် အရေးအသားများဆိုလျှင် လုံးဝမဖတ်တော့ကြောင်း၊ အာရုံနှောက်စရာတွေဖြစ်ကြောင်းကို အာပေါင်အာရင်းသန်သန်နှင့် ပြောပြနေသည်။

ကျွန်တော်သည် သက်တော်ရှည်စာရေးဆရာကြီး ပြောနေသည်ကို စိတ်ဝင်တစားဖြင့် နားထောင်မိ၏။ ကျွန်တော်၏ 'ခေါင်း' ထဲတွင် နားထောင်နေရင်း အတွေးစတွေပေါ်ပေါက်လာခဲ့ပေ၏။ ထိုအတွေးစမှာ ကျွန်တော်ငယ်စဉ်က သင်ယူခဲ့သော အလယ်တန်း မြန်မာစကားပြေလက်ရွေးစင်စာအုပ်မှာပါရှိခဲ့သော အကြောင်းအရာဖြစ်သည်။ ထိုစာအုပ်ထဲ၌ မြန်မာစကားပြေ အသုံးဝင်ပုံမှာ 'လောကတွင် လူတစ်လုံး၊ သူတစ်လုံးလုပ်လိုသော လူမျိုးတစ်မျိုး၏ စာပေတွင် 'စကားပြေမကြွယ်ဝသမျှ ကိစ္စမပြီးနိုင်ပါ။ သက္ကတ၊ ပါဠို၊ တရုတ်စာပေ စသော စာပေလောကတွင် စကားပြေဖြင့် ရေးသားထားသော ကျမ်းကြီး၊ ကျမ်းငယ်အသွယ်သွယ်ကို များစွာတွေ့ရသည်။

သာသနာတော်ဆိုင်ရာ ပိဋကတ်များတွင်လည်း စကားပြေက အဓိကမင်းမူနေသည်ကို တွေ့ရသည်။ စကားပြေသည် လူမျိုး၏အသက်၊ လူမျိုး၏အားထားရာ၊ လူမျိုး၏တန်ဆောင်ဆီမီးဖြစ်သည်ကို မပြတ်သတိရသင့်ပေသည်ဟုလည်း ဆိုထားပြန်သည်။

မြန်မာစာပေတွင် မြန်မာစစ်စစ် စကားပြေကျမ်း၊ ပါဠို မကင်းသည့် စကားပြေကျမ်းဟု စကားပြေကျမ်းများကို နှစ်မျိုး၊ နှစ်စား ခွဲခြားနိုင်သည်။ စာရေးဆရာ ဦးကုလားရေးသားခဲ့သည့် မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်၊ ရာဇာဓိရာဇ်အရေးတော်ပုံ၊ မဟာပညာကျော်လျှောက်ထုံး၊ ရေစကြိုခုံတော်ဖြတ်ထုံး စသည်တို့သည် 'မြန်မာစကားပြေဖြင့် ရေးသားထားသော ကျမ်းစာအုပ်များဖြစ်သည်။

ထို့အတူပင် ငါးရှဉ်းဆယ်ဇာတ်တော်ကြီး၊ ဖိနပ္ပာပကာသနီကျမ်း၊ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ မဏိကုဏ္ဍလဝတ္ထု စသည်တို့သည် ပါဠိမကင်းသည့် စကားပြေများဖြင့် ရေးဖွဲ့ထားသည်ကို တွေ့မြင်ရသည်'ဟု မြန်မာစာလက်ရွေးစင်စာအုပ်၌ ဖော်ပြပါရှိသည်။

ထိုလက်ဖက်ရည်စကားဝိုင်းတွင် ကျွန်တော်တို့ မန္တလေးအဖွဲ့မှ စာရေးဆရာရှေ့နေမောင်မောင်နန်းကလည်း ယနေ့လက်ရှိ တရားခွင်မှာ အသုံးပြုနေကြသော စာသားများသည်လည်း မြန်မာစကားပြေများပင် ဖြစ်ကြောင်း ဖွင့်ဆိုရှင်းပြနေပေသည်။

မှန်ပါသည်။ အတိတ်တစ်ချိန်က မြန်မာပညာရှိ ဦးဖေမောင်တင်ကလည်း 'လောကမှာ တိုင်းပြည်နှင့်လူထုကို ကြီးပွားစေချင်လျှင် စကားပြေကို များများရေကြဖို့လိုသည်'ဟု ဆိုထားသည်။ ထိုအတူ 'စကားပြေ'၏သဘောတရားကို အနည်းငယ်ပြောပြချင်သေးသည်။ စကားပြေဆိုသည်မှာ မိမိတို့၏ ဘာသာစကားအလိုက် ပြေပြေပြစ်ပြစ် ဖွဲ့စည်းသုံးနှုန်းထားသည့်စာကို စကားပြေဟု ခေါ်ဆိုခြင်းဖြစ်သည်။

၁၉၀၄ ခုနှစ် အစောဆုံးပေါ်ထွက်ခဲ့ဖူးသည့် မြန်မာစကားပြေ ဝတ္ထုမှာ 'မောင်ရင်မောင် မမယ်မ' ဝတ္ထုဖြစ်၏။ ထိုဝတ္ထုကို ပြင်သစ်စာရေးဆရာ အလက်ဇန္ဒားဒူးမား ရေးသားခဲ့သော 'မွန်တီခရစ်တိုနယ်စားကြီး' ဝတ္ထုစာအုပ်ကို မြန်မာစာရေးဆရာ ဂျိမ်း(စ်)လှကျော်က မှီငြမ်းရေးသားခဲ့သည့် မြန်မာစကားပြေဝတ္ထုစာအုပ်ဖြစ်သည်။

ထိုနည်းအတူ မြန်မာသတင်းစာများတွင် ရေးသားဖော်ပြခဲ့ကြသည့် စာသားများသည်လည်း မြန်မာစကားပြေနှင့် မကင်းကြပေ။ သတင်းစာဆရာကြီး ဇဝနရေးသားခဲ့သော 'သတင်းစာသုံးမြန်မာစာ' ဆောင်းပါးတွင် သတင်းဆောင်းပါးရေးသားခြင်းသည် ကျမ်းပြုခြင်း မဟုတ်၍ စာကောင်းပေမွန်အဖြစ် အမွမ်းတန်ဆာဆင်နေရန် မလိုပေ။ သတင်းဆောင်းပါးဆိုသည်များမှာ အများစိတ်ဝင်စားလိမ့်မည်ဟု ယူဆရသော အဖြစ်အပျက်အကြောင်းအရာတို့နှင့် အတွေးအခေါ်အယူအဆတို့ကို စကားပြေဖြင့် ရေးသားတင်ပြချက်များပင်ဖြစ်၍ ရေးသူ၏ဆိုလိုရင်းကို ဖတ်သောသူတို့ အလွယ်တကူ သဘောပေါက်ရန်လိုပေသည်။

ထို့အပြင် သတင်းစကားပြေဆိုသည်မှာ အများစိတ်ဝင်စားလိမ့်မည်ဟု ယူဆရသောအကြောင်းအရာ အဖြစ်အပျက်တို့နှင့် မိမိသိမြင်မှတ်သားရသမျှကို စကားပြေဖြင့် ရေးသားတင်ပြခြင်းပင်ဖြစ်ပေရာ မိမိ၏ဆိုလိုရင်းကို စာဖတ်သူတို့ သဘောပေါက်ရန်ဖြစ်သည်ဟု သတင်းစာ ဆရာကြီး ဇဝနက ဆိုထားသည်။

ထိုနည်းအတူ ကျွန်တော်တို့ငယ်စဉ်က သင်ယူခဲ့သည့် မြန်မာစာ စကားပြေတွင် ဆရာကြီးရွှေဥဒေါင်း၏ 'ခွန်အားရှိသောစာ' ကိုလည်း မဆီမဆိုင်နှင့် အမှတ်ရနေမိသည်။ မှန်ပေသည် လူမျိုးတစ်မျိုး၏ အခြေခံအုတ်မြစ်ကြီးသဖွယ် ဖြစ်နေပေ၏။ စာပေမြင့်မှလည်း မိမိလူမျိုးက ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် နေနိုင်ပေမည်ဟု သုံးသပ်ရင်း ကျွန်တော်၏အတွေးနယ်နိမိတ်ကို အဆုံးသတ်လိုက်ရသည်။ လက်ဖက်ရည်စကားဝိုင်းထဲမှ မြိတ်မြို့နယ်က သက်တော်ရှည် စာရေးဆရာကြီး၏အဆိုကို ကျွန်တော်က မသိမသာနှင့် ထောက်ခံနေခြင်း ဖြစ်နေတော့သည်။

ထို့နောက် ကျွန်တော်တို့အားလုံးသည် အဆိုပါလက်ဖက်ရည်ဆိုင်တွင် ခဏတစ်ဖြုတ်အနားယူပြီးသည့်နောက် စာပေဦလာခံကြီး၏ အကြိုညှိနှိုင်းအစည်းအဝေးကို တက်ညီလက်ညီ တက်ရောက်ခဲ့ကြသည်။

နောက်တစ်နေ့ နံနက်ပိုင်းဆီသို့ ရောက်ရှိလာသောအခါ မန္တလေးတိုင်းကိုယ်စားပြုသည့် စာပေမောင်နှမတစ်တွေသည် အဆိုပါဦလာခံခန်းမကြီးတွင် စုပြုံရောက်ရှိနေကြ၏။ နယ်အသီးသီးမှရောက်လာကြသည့် စာပေသမားများကလည်း လာရောက်မိတ်ဆက်ကြ၏။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မိတ်ဆက်စာတွေ ရေးပေးကြ၏။ လိပ်စာကတ်တွေလည်း အပြန်အလှန် ပေးအပ်ကြသည်။

ရန်ကုန်မြို့တွင် နေထိုင်နေသည့် အတိတ်တစ်ချိန်က မန္တလေးနေစဉ်သတင်းစာတိုက်၌ တာဝန်ထမ်းဆောင်ခဲ့သော ဌာနမှူး ဗိုလ်မှူးလတ်မြင့်သိန်း(ငြိမ်း)ကဗျာဆရာလတ်မှူးသခင်ကလည်း ကျွန်တော်တို့ရှိရာဆီသို့ လာရောက်တွေ့ဆုံကာ လက်ဖက်ရည်စကားဝိုင်းလေးကို မထင်မရှား ကျင်းပသွားသေး၏။ တကယ်ကို ဂုဏ်ယူစရာလည်း ကောင်းသည်။ မန္တလေးက စာပေမောင်နှမများအတွက်တော့ ဂုဏ်လည်းတင့်ခဲ့၏။ ကျေးဇူးလည်း အထူးတင်မိကြောင်း ညွှန်းဆိုပါရစေ.....

ကျွန်တော်တို့တစ်တွေသည် နိုင်ငံကျော်စာရေးဆရာကြီးလယ်တွင်းသားစောချစ်နှင့်လည်း တခုတ်တရစကားပြောခဲ့ရ၏။ ထို့အတူ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌဖြစ်သည့် ဆရာကြီး မြင်းမူမောင်နိုင်ဝိုးကလည်း ဟိတ်ဟန်မရှိ၊ မာန်မာနမထား တကယ့်ကို စိတ်ရင်းစေတနာကောင်းဖြင့် ဧည့်ခံစကားပြောပေးသည့်အတွက် မန္တလေးသူ၊ မန္တလေးသား စာပေသမားများအနေဖြင့် ဘဝင်ကျခဲ့၏။ မျက်နှာပန်းလှခဲ့သည်ဟု ဆိုရပေမည်။

ဤသို့ဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပခဲ့သည့် စတုတ္ထအကြိမ် စာပေဦလာခံကြီးကို အောင်အောင်မြင်မြင်နှင့် ကျင်းပနိုင်ခဲ့ပေ၏။ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များကလည်း ကျေနပ်ကြ၏။ နှစ်သက်ခဲ့ကြသည်။ တက်ညီလက်ညီဖြင့် သဘောတူခဲ့ကြလေသည်။

နောက်တစ်နေ့ရောက်တော့ ကျွန်တော်တို့ စာပေမောင်နှမတွေအားလုံးသည်လည်း မြန်မာ့မီးရထားကြီးနှင့်အတူ အပြန်ခရီးကို ခရီးဆက်လာခဲ့ကြသည်။ ပီတိကိုယ်စိနှင့် ပြန်လာခဲ့ကြခြင်းဖြစ်ပေသည်။

အချုပ်ဆိုရလျှင် ကျွန်တော်သည် ဤစာပေဦလာခံအစည်းအဝေးကို မမျှော်လင့်ဘဲ တက်ရောက်ခွင့်ရခြင်းဖြစ်သည်။ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း ကိုယ်စားပြုလှေလာသူ တစ်ယောက်အနေဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အတွေ့အကြုံလည်း တစ်ခါမှမရှိခဲ့ပေ။ သို့သော် ယခုလိုစာပေပညာရှင်၊ စာပေပညာရှိများနှင့် တွေ့ဆုံကြုံတွေ့ခွင့်ရသဖြင့် ကြည်နူးမိသည်။ အားကျမိသည်။

မည်သို့ပင်ဆိုပါစေ။ ကျွန်တော့်ဘဝအတွက် တန်ဖိုးရှိသော စာပေလောက အတွေ့အကြုံများ၊ အဖိုးမဖြတ်နိုင်သော အသိပညာများ၊ တိုးပွားရရှိခဲ့ကြောင်း ထပ်ပေါင်းညွှန်းဆိုရင်း အဆုံးသတ်ပါရစေ .....။

မြောက်ပြင်တော်က ကိုရွှေမော်

အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၁၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက သရက်တစ်ပင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်ကိုကိုက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် တာဝန်ရှိသူများ တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ (ဝဲပုံ)

အောင်ရဲကျော်

စာဖတ်ဝိုင်း၊ ပြပွဲများနှင့် စာဖတ်သူ လူငယ်များ၏အနာဂတ် တောက်ပရမည် အစီအစဉ် ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနနှင့် စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ဝိုင်း၊ ပြပွဲများနှင့် စာဖတ်သူလူငယ်များ၏အနာဂတ်တောက်ပရမည် အစီအစဉ် ဆောင်ရွက်ခဲ့သည်။



စာဖတ်ဝိုင်းတွင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားထားသော ဘဝနေနည်းစာအုပ်မှ 'လူငယ်ရဲ့ အနာဂတ်' ခေါင်းစဉ်ဖြင့် မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် စာကြည့်တိုက်တွင် စာဖတ်သူ လူငယ်များ၏အနာဂတ် တောက်ပရမည် အစီအစဉ်ဖြင့် ဒုတိယဦးစီးမှူး ဒေါ်ထူးမြတ်ဇင်က စာအုပ်ငှားရမ်းမည့် ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားခဲ့သည်။

